မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည်
အရပ်လေးမျက်နှာမှလာသောလေကြောင့်
မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့
ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

# မြဝတီ

နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၆၈)

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ စနေနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြား

**မိတ္ထီလာခရိုင်အတွင်း Green Zone Area များကို မဖြစ်မနေအကောင်အထည်ဖော်သွားရမည်ဖြစ်ပြီး နှစ်ရှည်အရိပ်ရအပင်များကို အပင်သက်တမ်းအလိုက် စဉ်ဆက်မပြတ်သည့် စိုက်ပျိုးခြင်းနည်းဖြင့် စနစ်တကျစိုက်ပျိုးထိန်းသိမ်းသွားကြရန်လို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား မိတ္ထီလာမြို့၊ ကန်တော်မင်္ဂလာခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁** ★




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်)

# ပညာစွမ်းအားထက်မြက်ရေး

ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဇန်နဝါရီလ ၉ ရက်မှ ၁၀ ရက်အထိကျင်းပခဲ့သည်။ ပညာရေးညီလာခံ၏ ဦးတည်ချက်မှာ **"ပညာရေး၊ သိပ္ပံနှင့်နည်းပညာစွမ်းပကားဖြင့် ပိုမိုကြွယ်ဝပြည့်စုံသော လူ့ဘောင်အဖွဲ့အစည်းအတွက် အနာဂတ်သို့ညွှန်ပြခြင်း"** ဟုသတ်မှတ်ထားကြောင်းသိရှိရသည်။ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ ဟူသည့်ကဏ္ဍသုံးရပ်မှာ တစ်ခုနှင့်တစ်ခုချိတ်ဆက်လျက်ရှိသည်။ သုတေသနနှင့်တီထွင်ဆန်းသစ်မှုများဖြင့် ပေါင်းစည်းလိုက်သည့်အခါ လူ့ဘောင်အဖွဲ့အစည်းကြီးပွားတိုးတက်ရေးကိုဖန်တီးပေးနိုင်မည့် ထိရောက်အားကောင်းသည့် စွမ်းအားတစ်ရပ်ဖြစ်လာပေမည်။

အဆိုပါညီလာခံတွင် နိုင်ငံတကာမှဝါရင့်ပညာရှင်များနှင့် ပညာရှင်မျိုးဆက်သစ်များပါဝင်ခဲ့ကြပြီး နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့်အဖွဲ့အစည်းပေါင်း ၄၅ ခုမှ ပညာရှင် ၆၂ ဦး၊ ပညာရေးဝန်ကြီးဌာနနှင့်ဆက်စပ်ဝန်ကြီးဌာန ၁၁ ခုနှင့်ပညာရေးအဖွဲ့အစည်းများမှ ပြည်တွင်း၊ ပြည်ပ ပညာရှင် ၄၀ ဦးတို့ တက်ရောက်ခဲ့ကြပြီး စာတမ်းပေါင်း ၁၃၃ စောင်ဖတ်ကြားခဲ့ကြသည်။ မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးနှင့် တိုင်းပြည်ကောင်းမွန်တိုးတက်စေရေး၊ နိုင်ငံတော်နှင့်ဒေသတွင်းနိုင်ငံများ၏ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး၊ လူမှုစီးပွားဘဝမြင့်မားလာစေရေးတို့အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ် **"ပညာသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး အသိပညာအတတ်ပညာမြင့်မားတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များထွန်းကားလာရေးသည် အရေးကြီးကြောင်း၊ မိမိတို့အစိုးရအနေဖြင့် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်အကောင်အထည်ဖော်အားပေးဆောင်ရွက်လျက်ရှိရာတွင် ယခုကျင်းပသည့် ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံကလည်း များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

သုတေသနလုပ်ငန်းသည် တစ်စုံတစ်ခုကိုခြေခြေမြစ်မြစ်သိရန် စူးစမ်းရှာဖွေခြင်းဖြစ်ပေရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသည့်လုပ်ငန်းရပ်ဖြစ်သည်။ သုတေသနက ဗဟုသုတအသစ်များ၊ တွေ့ရှိချက်အသစ်များ၊ တီထွင်ဆန်းသစ်မှုအသစ်များကိုဖော်ထုတ်ပေးနိုင်ပြီး လက်ရှိအယူအဆများကို သက်သေစိုက်ထူခိုင်မာစေနိုင်မည်ဖြစ်သည်။ လက်တွေ့ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများ၊ ပြဿနာများကို ဖြေရှင်းပေးနိုင်ပြီး ပညာရပ်ဆိုင်ရာအသိအမြင်များကို ပိုမိုတိုးတက်မြင့်မားလာစေနိုင်သည်။ ထို့ကြောင့် သုတေသနဆိုသည်မှာ ဆန်းသစ်တီထွင်မှုနှင့်တိုးတက်မှုတို့ကို တွန်းအားပေးနိုင်စွမ်းရှိသည့် မောင်းနှင်အားတစ်ရပ်ဖြစ်သည်ဟုဆိုနိုင်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးဦးတည်ချက်တစ်ရပ်အဖြစ် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး" ဟူသောဦးတည်ချက်ကိုချမှတ်ထားသည်။ ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အတတ်ပညာရှင်များလိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုနည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များမွေးထုတ်နိုင်ရေးအတွက် ခရိုင်အသီးသီးတွင် စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာများကို သင်ကြားပေးနေသည့် အခြေခံပညာအထက်တန်းကျောင်း ၈၅ ကျောင်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါကျောင်းများသို့ KG+9 ပြီးမြောက်အောင်မြင်သူများ တက်ရောက်နိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့်ထူးချွန်စွာအောင်မြင်ပါက သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။ နိုင်ငံအတွက် ပညာရှင်များစွာလိုအပ်လျက်ရှိနေဆဲဖြစ်သောကြောင့် အသိပညာရှင်၊ အတတ်ပညာရှင်လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေး နိုင်ငံတော်ကဆောင်ရွက်ပေးထားခြင်းဖြစ်သည်။ သုတေသနတွေ့ရှိချက်များမှတစ်ဆင့် ထုတ်ကုန်အသစ်ထုတ်လုပ်နိုင်မည့် နည်းပညာအသစ်များကို စက်ရုံလုပ်ငန်းများသို့အရောက် နည်းပညာလွှဲပြောင်းပေးခြင်းနှင့်သုတေသနတွေ့ရှိချက်အသစ်များကို လိုအပ်သည့်အဖွဲ့အစည်းများထံ အသိပညာဗဟုသုတမျှဝေပေးခြင်းဖြင့် နိုင်ငံ့စီးပွားသည် အချိန်တိုအတွင်းပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ထိထိရောက်ရောက်ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ ပညာရေး၊ သိပ္ပံနှင့်နည်းပညာများ၏စွမ်းပကားနှင့် နောင်လာနောက်သားမျိုးဆက်တို့အတွက် ရေရှည်တည်တံ့ခိုင်မြဲတိုးတက်ကောင်းမွန်သည့်အနာဂတ်ကို လက်ဆင့်ကမ်းပြီး နိုင်ငံ့အကျိုး၊ ဒေသအကျိုးထမ်းရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




# နယ်လှည့်စာကြည့်တိုက် (Mobile Library) စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေး

**စဥ့်ကိုင် ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နှင်းအိအိခိုင်နှင့် ဝန်ထမ်းများက မြို့နယ်ဥပဒေရုံးသို့သွားရောက်၍ နယ်လှည့်စာကြည့်တိုက် (Mobile Library)စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းကို ဇန်နဝါရီလ ၁၀ ရက်တွင် ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နှင်းအိအိခိုင်က မြို့နယ်ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လာရောက်ငှားရမ်းရန် မအားလပ်သည့် ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် စာအုပ်၊စာစောင်များ ဖတ်ရှုလေ့လာခြင်းဖြင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ပိုမိုတိုးပွားလာစေရန်၊ စာဖတ်ခြင်းအကျိုးကျေးဇူးများ သိရှိနားလည်လာစေရန်တို့အတွက် သုတ၊ ရသ စာအုပ်၊ စာစောင်များကို အခမဲ့ငှားရမ်းပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်ဥပဒေရုံးမှဝန်ထမ်းများအား တစ်ဦးလျှင် စာအုပ်နှစ်အုပ်ဖြင့် ခုနစ်ရက်ကြာဖတ်ရှုနိုင်ကြောင်းနှင့် အသင်းဝင်အသစ်များကို အသင်းဝင်စာငှားကတ်များပြုလုပ်ပေးခြင်း ဆောင်ရွက်ပေးသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပြည်သူများ စာပေကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာများနှင့် အခြေခံပညာကျောင်းများအရောက် အပတ်စဉ် လိုက်လံငှားရမ်းပေးသွားမည်ဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်သို့ စာပေချစ်မြတ်နိုးသူတိုင်း အခမဲ့အသင်းဝင်ရောက်ပြီး အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။ **ကျော်စွာ( စဥ့်ကိုင်)**

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ပနိုင်ငံအကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၀

**၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ပနိုင်ငံအကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဘာရှုနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

မိမိအနေဖြင့် ၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယတွင် လိုက်လှဲနွေးထွေးစွာဖြင့် နှုတ်ခွန်းဆက်စကားများ ပြောကြားလိုပါသည်။

ဘာရှုနိုင်းဒါရုဆလမ်နိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီး၍ နွေးထွေးမှုရှိသည့်ဆက်ဆံရေးကို နှစ်နိုင်ငံအချင်းချင်းသာမက အာဆီယံတွင်လည်း မိမိတို့အတူတကွလက်တွဲဆောင်ရွက်မှုများဖြင့် ဆက်လက်တိုးတက်လျက်ရှိပါသည်။ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးတို့ အခွန့်ရှည်တည်တံ့ရေးအတွက် မိမိတို့၏ ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ဆောင်ရွက်ရန်အတွက် မိမိအနေဖြင့် မျှော်လင့်လျက်ရှိပါသည်။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာနိုင်ငံသားများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းလည်း မိမိအနေဖြင့် ပြောကြားအပ်ပါသည်။

မြန်မာနိုင်ငံသားများ တိုးတက်ကြွယ်ဝပါစေကြောင်း မိမိအနေဖြင့် နွေးထွေးစွာဖြင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ဘာရှုနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး-၂ ဒါတို ဆရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ပီဟင် ယူဆွတ်ထံမှ ပေးပို့သည့်ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခါ သမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအတွက် မိမိမှ ဂုဏ်ပြုဝမ်းမြောက်စကားများပြောကြားလိုပါသည်။

ဘာရှုနိုင်းဒါရုဆလမ်နိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့သည် နှစ်နိုင်ငံအကြား ဘုံအကျိုးစီးပွားရှိသည့်နယ်ပယ်များတွင် ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများကို အတူတကွဆောင်ရွက်လျက်ရှိပါသည်။ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ ပြည်သူများ၏အကျိုးစီးပွားအတွက် နှစ်နိုင်ငံအကြားသာမက အာဆီယံတွင်လည်း နီးကပ်သည့်မိတ်ဖက်နိုင်ငံများအဖြစ် အရေးပါသည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာလာစေရေးအတွက် အတူလက်တွဲဆောင်ရွက်ရန် မိမိအနေဖြင့် မျှော်လင့်လျက်ရှိပါသည်။

၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယ၌ အဆွေတော်နှင့် မြန်မာပြည်သူများအတွက် ဆုမွန်ကောင်းများပို့သအပ်ပါကြောင်းနှင့် ပျော်ရွှင်ဝမ်းမြောက်စရာကောင်းသည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကိုဆင်နွှဲနိုင်ပါကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

# ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို




ရန်ကုန် ဇန်နဝါရီ ၁၀

ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Maxim RYZHENKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့အခြေစိုက် ဘယ်လာရုစ်ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးသို့ သွားရောက်၍ ရိုးရာလက်မှုပစ္စည်းများ၊ ရိုးရာအဝတ်အထည်များ၊ ရွှေခြည်ငွေခြည်ထိုးလက်ရာပစ္စည်းများ ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် မြို့တော်ခန်းမ၊ ဝန်ကြီးများရုံးနှင့် ကန်တော်ကြီးဥယျာဉ်တို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြပြီး ကန်တော်ကြီးဥယျာဉ်ရှိ ကရဝိက်ခန်းမ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လေ့လာကြသည်။

ယင်းနောက် ဗဟန်းမြို့နယ်ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့များနှင့်အတူ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး စေတီတော်သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန်တို့ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်ပုံတော်နှင့် မှတ်တမ်းစာအုပ်ကို လက်ဆောင်ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

# မကွေးတိုင်းဒေသကြီးအတွင်း မြစ်ရေတင်လုပ်ငန်းနှင့် ရေစက်ရေတွင်းတူးဖော်ပေးခြင်းလုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စွန်ဆည်ရေသောက်စနစ်ရှိ တူးမြောင်းမကြီး၏ ပေတိုင် ၁၃၇၀၀ ၌ မူလဆည်ရေသောက်ပြင်ပ ရေပေးမြောင်းအထက်ဘက်ရှိ ကုန်းမြင့်စိုက်ပျိုးမြေများအား အလိုအလျောက်ရေတင်စနစ် (Water Turbine Pump) ပြုလုပ်တပ်ဆင်ခြင်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာအုပ်စု ပုလင်းဆည်ရေသောက်စနစ်ရှိ တောင်သူဦးရဲဝင်း၏ ရေဆင်း-၆ ဆောင်းကုလားပဲ အထွက်တိုးစံပြကွက်ကိုလည်းကောင်း၊ မကွေးမြို့ ဆားတိုင်ကန်ကျေးရွာရှိ ခြံလှောင်စနစ်ဖြင့် မွေးမြူထားသော ပုဂ္ဂလိကဝက်မွေးမြူရေးခြံကိုလည်းကောင်း၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ်တွင် ဧရာဝတီမြစ်မှ ရေကို ရယူစုပ်တင်ပြီး အကျိုးပြုဧက ၇၀၀ ကို စိုက်ပျိုးရေပေးဝေရန်အတွက် မွန်းညောင်ပင်သာ ဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ဒုတိယဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ လိုအပ်သည်များကိုအကြံပြုဆွေးနွေးပြောကြားသည်။

ယင်းနောက် မကွေးမြို့နယ် အလယ်ဘိုကျေးရွာရှိ ဆိုလာမြေအောက်ရေတွင်း တွင်းအမှတ်(၁)နှင့် နွေနှမ်းစံပြစိုက်ခင်း စိုက်ပျိုးရန်ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ အကြံပြုဆွေးနွေးပြောကြားကာ တက်ရောက်လာကြသောဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# China National Accreditation Service for Conformity Assessment (CNAS) ၏ အမှုဆောင်အရာရှိချုပ်နှင့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျတို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၀

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၇ ရက် မွန်းလွဲပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ China National Accreditation Service for Conformity Assessment (CNAS) ရုံးချုပ်သို့ ရောက်ရှိရာ အမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။


ထို့နောက် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို အဆိုပါရုံးချုပ်၌ ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးနှင့် China National Accre-ditation Service for Conformity Assessment (CNAS) အမှုဆောင်အရာရှိချုပ်တို့သည် အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်းလုပ်ငန်းများဖြစ်သည့် စမ်းသပ်စစ်ဆေးခြင်းဓာတ်ခွဲခန်းများတွင် ထုတ်ကုန်စစ်ဆေးခြင်းနှင့် တိုင်းတာချိန်ညှိခြင်း၊ စစ်ဆေးရေး အဖွဲ့အစည်းများအတွက် အသိအမှတ်ပြုမှု ရရှိအောင်ဆောင်ရွက်ခြင်း၊ အရည်အသွေး ထောက်ခံချက်ထုတ်ပေးသည့် အဖွဲ့အစည်းများအတွက် အသိအမှတ်ပြုမှုရရှိအောင် ဆောင်ရွက်ခြင်း၊ ကျွမ်းကျင်မှုစစ်ဆေးရေး ပံ့ပိုးပေးသူများအတွက် အသိအမှတ်ပြုမှုရရှိအောင် ဆောင်ရွက်ခြင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာ အရည်အသွေးအသိအမှတ်ပြုမှုများ ရရှိအောင်ဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး အစဉ်အလာကို ပိုမိုခိုင်မြဲစေလျက် သံတမန်ဆက်ဆံရေးထူထောင်ခြင်း ၇၅ နှစ်ပြည့် ၂၀၂၅ ခုနှစ်တွင် စိန်ရတုမှတ်တိုင်အဖြစ် ကျွမ်းကျင်ပညာရှင်များ ပျိုးထောင်ခြင်းနှင့်သုတေသနများ ပူးပေါင်းဖလှယ်ခြင်းစသည့် စီမံကိန်းသစ်များကို အရှိန်အဟုန်မြှင့်တင် ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဒုတိယဝန်ကြီးနှင့် China National Accreditation Service for Conformity Assessment (CNAS) ၏ အမှုဆောင်အရာရှိချုပ်တို့သည် နှစ်ဖက်ချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်အဖြစ် အမှတ်တရလက်ဆောင်များကို အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း



**ယမန်နေ့မှအဆက်**

ကျွန်ုပ်၏ အစ်ကိုတစ်ဝမ်းကွဲ မောင်ပုနှင့် ကျွန်ုပ်မှာ 'ကျောင်းပြေးရောဂါ' စွဲကပ်လျက်ရှိကြ၍ မည်မျှပင် ရိုက်နှက်ဆုံးမသော်လည်း ရက်ပေါင်း ၂၀၊ ၃၀ မျှလောက်သာ ကျောင်းမှန်မှန်တက်ကြ၍ တစ်နေ့တွင် ရေဆိပ်များ၏ ဖြားယောင်းမှုကြောင့် ကျောင်းပြေးမြဲတိုင်း ပြေးကြပြန်လေ၏။ ကျွန်ုပ်တို့ လုပ်ကြပုံကား ပျော်စရာကြီးတော့ မဟုတ်လှပါ။ ကျောင်းမတက်ရလျှင် ပြီးရောဆိုသော 'ပျင်းစိတ်'မျိုး ဝင်လာခြင်းသာ ဖြစ်တန်ရာသည်။ ရေဆိပ်၌ ရေချိုး၍ မွန်းတည့်အချိန်ခန့်တိုင်ရောက်သောအခါ အလွန်ရေဝသဖြင့် နှုတ်ခမ်းများပြာ၍ ခိုက်ခိုက်တုန် ချမ်းအေးလာရာတွင် ကျွန်ုပ်တို့သည် ကုန်းပေါ်သို့တက်၍ ပက်လက်လှန်ကာ နေလှန်းကြ၏။ ရင်ဘတ်ပူသောအခါ ဝမ်းလျားမှောက်၍ ကျောကို နေလှန်းကြ၏။ ဤသို့ဖြင့် တစ်ကိုယ်လုံး ရှန်းရှန်းတောက် ပူလောင်လာသည့်အခါ ရေထဲသို့ ခုန်ဆင်းကြပြန်လေသည်။ တစ်နေ့ပတ်လုံး ထိုကဲ့သို့ ပူချည်အေးချည် ခံခဲ့ခြင်းအတွက်ကြောင့် အကျင့်ရပြီး ကျွန်ုပ်ကြီးလာသောအခါ အအေးမိခြင်း နည်းပါးလေသလောဟု ထင်မိသည်။ သို့ရာတွင် ယခု အဖိုးကြီးဖြစ်လာသောအခါ၌မူ သူတစ်ပါးနည်းတူ အအေးမိတတ်လာသောကြောင့် ၎င်းအထင်ကို ပြင်ဆင်လိုက်ရပြန်သည်။ ဆာလောင်သောအခါများတွင် ရွှေတချောင်းမြောင်းပေါင်၌ အချို့အရပ်များရှိခြံများထဲမှ မာလကာသီး၊ သပြေသီး စသောသစ်သီးများကို ခူးစားကြ၍ လျှာနှင့် နှုတ်ခမ်းများ ပြာလျက်ရှိကြရာ အိမ်ပြန်ခါနီးတွင်မှ သလဲဖြင့် ပွတ်တိုက်ကာ ရေဆေးခဲ့ကြလေသည်။

## ကျောင်းအိပ် ကျောင်းစား

မိဘများသည် ကျွန်ုပ်တို့၏ ကျောင်းပြေးရောဂါကို အမြစ်ပြတ်အောင် မကုသနိုင်ဘဲရှိရာတွင် နှစ်ယောက်တွဲလျက်ရှိသောကြောင့်သာ ကျောင်းပြေးကြသည်ဟု ယူဆ၍ ကျွန်ုပ်၏ဦးကြီးသည် မောင်ပုကို ကျောင်းနုတ်လိုက်လေ၏။ ထင်လည်း ထင်စရာပေ။ ကျွန်ုပ်မှာ တစ်ယောက်တည်း ကျောင်းတက်ရသည်မှစ၍ ကျောင်းတက်မှန်သည်။ အိမ်သို့လည်း (ထွေမခင်းရသောကြောင့်) စောစောပြန်ရောက်သည်၊ တစ်ခါတစ်ရံ မြင်းရထားအဆင်သင့်သောအခါများတွင် နောက်မြီးခိုစီးခဲ့သဖြင့် သာ၍ပင် စောစောရောက်သေး၏။

သို့ရာတွင် မိဘများသည် ကျွန်ုပ်တစ်ယောက်တည်း ခရီးဝေးကြီးသွားရခြင်းအတွက် သနားကြသည်နှင့် စိတ်ကူးတစ်မျိုးရကြပြန်၏။ ဘုန်းကြီးကျောင်း၌ ကိုရင်လူထွက် ကျောင်းအိပ်ကျောင်းစား လေးငါးယောက်ရှိရာ ကျွန်ုပ်အား ကျောင်းအိပ်ကျောင်းစားအဖြစ်နှင့် အစမ်းထားကြ၏။ ကျွန်ုပ်ကလည်း ခြေညောင်းသက်သာသည်တစ်ကြောင်း၊ အိမ်မှာထက် ကျောင်းတွင် ကလေးဘာဝ ပြေးလွှားကစားဖို့ အချိန်လည်းရ၊ အခွင့်လည်းသာသည်တစ်ကြောင်းကြောင့် သဘောတူလိုက်၏။ (ကျွန်ုပ်၏ဖခင်မှာ ကျွန်ုပ်အား ပညာလည်းတတ်၍ အလွန်လည်း 'လိမ္မာ' စေချင်သောကြောင့် အိမ်တွင် အရပ်ထဲကသူငယ်များနှင့် ကစားခွင့်မပြုဘဲ ရပြီးသောစာများကို ရွတ်နေစေ၏။ 'ကြက်ကောင်း ကြိုးနှင့်မကွာစေရ' ဟူသောစကားမှာ ဖခင်၏ဆောင်ပုဒ်ဖြစ်၍ ကျွန်ုပ်အပေါ်တွင် ၎င်းအတိုင်း ကျင့်သုံး၏။ ကစားခြင်းသည် ဘာမျှအကျိုးမရှိ၊ စာအံခြင်းသည်သာလျှင် ပညာတတ်စေသည်ဟု ခဏခဏ ပြောလေ့ရှိ၏။) သို့ဖြစ်၍ ကျွန်ုပ်သည် ကျောင်းအိပ်ကျောင်းစားနေဖို့ စီမံသောအခါ ဝမ်းသာမိလေသည်။

## ကျောင်းဟင်းလေး

နေ့ကျောင်းသားများအနက်၌ပင် အငယ်ဆုံးဖြစ်သော ကျွန်ုပ်မှာ ကိုရင်လူထွက် ကျောင်းအိပ်ကျောင်းစားများအထဲတွင်မူ အပြတ်အသတ် အငယ်ဆုံးဖြစ်လာရပြန်လေပြီ။ နံနက်၌ ဘုန်းတော်ကြီးနှင့် ဦးပဉ္စင်းများ၊ ထို့နောက် ကိုရင်များ ဘုဉ်းပေးပြီးသည့် ထမင်း၊ ဟင်းများကို ကျွန်ုပ်တို့ကျောင်းသားများ စားကြရာတွင် ဝက်သား၊ ကြက်သား စသောဟင်းကောင်းလေးတစ်ခွက်တလေပါသေး၏။ ထမင်းပွဲ၌ ထိုင်ကြသည်နှင့်တစ်ပြိုင်နက် ကျောင်းသားကြီးများသည် အလွန်မျက်စိရှင်၍ လက်သွက်သူများဖြစ်သည့်အလျောက် ဟင်းကောင်းများကို ပန်းကန်ပါ မှောက်သွန်၍ ယူလိုက်ကြရာတွင် ကျွန်ုပ်အဖို့မှာ ငံပြာရည်ဖျော်၊ ချဉ်ပေါင်ဟင်း၊ စားတော်ပဲနှင့် မျှစ်လောက်သာ ကျန်လေတော့သည်။ ဟင်းကောင်းလေးတစ်တုံး ဖြစ်စေပါမှ စားတတ်သော ကျွန်ုပ်မှာ ထမင်းကို အနိုင်နိုင်မျိုချရ၏။ နောက်တစ်နပ်တွင် သူတို့လို လက်သွက်မှဖြစ်မည်ဟု သဘောပိုက်ကာ ဦးအောင်နှိုက်ဖို့ ကြိုးစားပါ၏။ သို့ရာတွင် ကျောင်းသားကြီးများသည် ကျွန်ုပ်၏လက်ထဲမှ လုယူကြသည်ချည်း ကြုံရ၏။ သို့ဖြစ်၍ ကျွန်ုပ်မှာ အလှူအတန်းနှင့် ဆွမ်းကျွေးရှိပါမှ ဟင်းကောင်းလေးများ စားရတော့၏။ ညစာအတွက်မူ နံနက်စာမှကျန်သော ချဉ်ပေါင်ဟင်း၊ မန်ကျည်းရွက်ဟင်း၊ ငါးပိချက်၊ ဟင်းချိုဟင်း၊ မျှစ်ဟင်း၊ (အလှူအတန်းရှိလျှင်လည်း) ဝက်သားဟင်း၊ ငါးကြော်စသည့် ဟင်းပေါင်းစုံကိုရော၍ အိုးကြီးတစ်လုံးတွင် 'ကျောင်းဟင်းလေး'ကျို၍ စားကြ၏။ ညစာအဖို့တွင် ဟင်းကောင်းမပါသောနေ့ပင်ဖြစ်စေကာမူ ကျောင်းသားကြီးများ လုစားသည့်ဟင်းကောင်းကို မမြင်ရသောကြောင့် အလွန်ဆာတတ်သော အရွယ်လည်းဖြစ်၍ မြိန်လှ၏။ 'ကျောင်းဟင်းလေး'မှာ အနံ့တစ်မျိုးရ၍ ကြီးပြင်းလာသောအခါတွင် တစ်ခါတစ်ရံ တောင့်တမိသည်နှင့် ဟင်းများကို တမင်တကာ ရောနှော၍ ကျို၍ စားဖူးပါသေးသည်။ သို့ရာတွင် ကျိုနေကျ 'ကျောင်းဟင်းလေး'မဟုတ်သောကြောင့် ဟင်းကောင်းဖတ်တွေထည့်သဖြင့် အရသာရှိသော်လည်း ကျောင်းဟင်းလေးနံ့ကို မမီအောင် ရှိတော့သည်။

## ပြန်ပြေးခဲ့ခြင်း

ကျွန်ုပ်သည် ကျောင်းအိပ်ကျောင်းစားအဖြစ်တွင် အစားအသောက်ဆင်းရဲသော်လည်း လွတ်လပ်စွာ ကစားခွင့်ရခြင်းကြောင့် စိတ်ညစ်လောက်အောင် မရှိလှပေ။ ဖခင်က ကစားခွင့် လုံးဝမပေးခြင်းအတွက်ကြောင့် ကျွန်ုပ်မှာ ကစားခြင်းကို အထူးခုံမင်သော သူငယ်တစ်ယောက်ဖြစ်လာသည်ထင်၏။ ကျောင်းအိပ်ကျောင်းစားဘဝ၌ ညစာစားပြီး၍ ထင်သလိုနေရခြင်းအတွက် အလွန်ပျော်သော်လည်း ည၌အချိန်များ၌မူ ကျောင်းသားကြီးများ၏ ကျီစားခြင်းကြောင့် စိတ်ညစ်ရ၏။ မိဘများနှင့်ခွဲခွာ၍ မအိပ်ခဲ့ရဖူးသည့် ကျွန်ုပ်မှာ ခွဲခါစ၌ လွတ်လပ်ခြင်းကြောင့် ပျော်မိသော်လည်း ရက်သတ္တပတ်ကြာရှိသောအခါ မိခင်ကို လွမ်းဆွတ်သောစိတ်ဖြစ်လာ၍ ညအချိန်များတွင်မူ ညှိုးငယ်စပြုလာလေပြီ။ ဤအထဲတွင် ကျောင်းသားကြီးများက အနင်းခိုင်းခြင်း၊ ပေါင်ကို လက်သီးဖြင့် ဖြည်းညင်းစွာ ထုခိုင်းခြင်း၊ မီးခွက်မှုတ်သောအခါ၌ ဦးစွန်းဖုတ်ကို ဆွဲသူက ဆွဲ၊ ကျောကိုဆိတ်သူက ဆိတ်၊ ခါးကို ကလိထိုးသူက ထိုး စသည်ဖြင့် ကျီစယ်ကြလေတော့၏။ ညတိုင်းပင် ထိုကဲ့သို့ အနည်းနှင့်အများ ကျီစားကြရာမှ တစ်ည၌မူ သန်းခေါင်ကျော်သည့်တိုင်အောင် ကလိကြလေရကား နက်ဖြန်ညနေ ကျောင်းဆင်းချိန်တွင် ကျွန်ုပ်သည် အိမ်တော်ရာဘုရားထဲသို့ ဝင်ချင်ပြု၍ ၁၇ ပြဝေးသောခရီးကို တစ်ဟုန်တည်းပြေးကာ မောကြီးပန်းကြီးနှင့် အိမ်သို့ ဆိုက်ရောက်လာခြင်းကို မှတ်မိပါသေးသည်။ မိဘများအား အဖြစ်အပျက်ကို ပြောပြရာတွင် ကျွန်ုပ်အား ကျောင်းအိပ်ကျောင်းစားမထားတော့ဘဲ နေ့ကျောင်းသားအဖြစ်နှင့် ကျောင်းတက်စေပါတော့သည်။ (၎င်းအဖြစ်အပျက်ကြောင့် ပေလောမသိ၊ ကျွန်ုပ်ကြီးပြင်းလာသောအခါ ကလေးသူငယ်များကို ငိုအောင် ကျီစားချင်တတ်သူများအား ရန်သူသဖွယ် အမြင်ကတ်လှပါသည်။)

## နောက်မြီးခိုစီးခြင်း

မောင်ပုကို ကျောင်းနုတ်လိုက်၍ ကျွန်ုပ်တစ်ယောက်တည်း ကျောင်းတက်ရသည်တွင် ကျောင်းပြေးရောဂါမှသက်သာရာရ၍ ကျောင်းမှန်မှန်တက်လျက်ရှိသော်လည်း လက္ခဏာမှာ အမြစ်ပြတ်သေးခြင်း မဟုတ်။ 'ငုပ်'နေခြင်း မျှသာဖြစ်၍ ကျောင်းသားကြီးဖြစ်လာသောအချိန်တွင် တစ်ချီတစ်ချီ ပေါ်လာတတ်သေးသည်။ မည်သို့ပင်ဖြစ်စေ၊ ဘုန်းကြီးကျောင်း၌ နေစဉ်အတွင်းမူ ကျောင်းပြေးသည် မရှိတော့ပါ။ သို့ပင်ဖြစ်လင့်ကစား တစ်ယောက်တည်း ကျောင်းသွားရခြင်းမှာ ပျင်းလည်းပျင်း၊ ခြေထောက်လည်း ညောင်းသည်နှင့် မြင်းရထား နောက်မြီးခိုစီးဖို့ အကျင့်လုပ်တော့သည်။

**ဆက်လက်ဖော်ပြပါမည်။**

# သဲကုန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးခြင်းနှင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများဆောင်ရွက်



သဲကုန်း ဇန်နဝါရီ ၁၀

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတရရှိစေရန်နှင့် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးခြင်းနှင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများကို ဇန်နဝါရီလ ၉ ရက်က အခြေခံပညာမူလတန်းကျောင်း (ပေါက်မှော်)၌ ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဗဟုသုတရရှိရေးအတွက် ကျောင်းစာအပြင် ပြင်ပစာအုပ်စာစောင်များကို ငှားရမ်းဖတ်ရှုလေ့လာသော အလေ့အကျင့်ကောင်းများရှိစေရန်၊ ငယ်စဉ်ကပင် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိလာစေရန် ရည်ရွယ်၍ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ရုပ်သံကျွမ်းကျင်-၃ ဒေါ်နော်မျိုးမျိုးဆွေက ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတရရှိစေရန် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ပုံပြင်ပြောခြင်းများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသ စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ မိတ္ထီလာတပ်နယ်မှူးကလက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ မိတ္ထီလာတပ်နယ်မှ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ မိတ္ထီလာ တပ်နယ်မှူး၏ဇနီးကလက်ခံရယူစဉ်။

○ **ကျောဖုံးမှအဆက်**

မန္တလေးတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**နိုင်ငံတော်၏ ခေတ်အဆက်ဆက် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် တပ်မတော်၏ နိုင်ငံ့အရေးထမ်းဆောင်မှု**

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ နိုင်ငံတော်ဖြစ်တည်မှု ပထဝီမြေအနေအထားအရ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတာဝန်များကို တစိုက်မတ်မတ် ထမ်းဆောင်ခဲ့သည့် အခြေအနေများ၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့မှုနှင့် နိုင်ငံတော်၏သမိုင်းကြောင်းစဉ်ဆက်အရ ရှေးယခင်ကတည်းကပင် အတူတကွပေါင်းစည်းနေထိုင်ခဲ့ကြပြီး ပြည်နယ်များ၊ ဒေသများ စုပေါင်းတည်ဆောက်ထားသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် အဆိုပါ မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အပြင် နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကိုထမ်းဆောင်ခဲ့ရသည့်အခြေအနေများ၊ တပ်မတော်မှ စတင်တာဝန်ထမ်းဆောင်စဉ် အစောပိုင်းကာလများ၌ ဆူပူဆန္ဒပြမှုများသာရှိခဲ့သော်လည်း နောက်ပိုင်းတွင် ပြည်တွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပြည်ပမှသွေးထိုးမြှောက်ပင့်မှုများကြောင့် အကြမ်းဖက်အဖွဲ့အစည်းများဖွဲ့စည်းကာ နိုင်ငံအတွင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုမရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့သည့်အခြေအနေများနှင့် တပ်မတော်အနေဖြင့် ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်၏ အဓိက ကာကွယ်ရေးအင်အားစုဖြစ်သည့် တပ်မတော်နှင့်ပြည်သူကို သွေးကွဲအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တပ်မတော်သားဘဝကိုခံယူခဲ့ပြီး နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေမှုအပေါ်တွင် အသိအမှတ်ပြုဂုဏ်ယူသည့် အခြေအနေများ၊ လူတစ်ဦးပင်ဖြစ်စေ၊ နိုင်ငံတစ်ခုပင်ဖြစ်စေ အမြဲမပြတ် ကြိုးပမ်းအားထုတ်နေမှသာလျှင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့်လည်း အခက်အခဲများကြားမှ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ဦးစွာအကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်ကတည်းကပင် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးပင်ဖြစ်ပြီးလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းအပါအဝင် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်၍ တရားမျှတပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ရေး မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်ပိုင်းနှင့်ပတ်သက်၍ ခေတ်အဆက်ဆက်တွင် နိုင်ငံရေးအရ၊ စစ်ရေးအရ ဖြစ်ပေါ်လာသည့် ပြည်တွင်းပြည်ပ အန္တရာယ်များကြား၌ **စာမျက်နှာ ၆ သို့** ○




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်က လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ မန္တလေးတပ်နယ်မှမိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများပေးအပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၏ဇနီးက လက်ခံရယူစဉ်။

❍ စာမျက်နှာ ၅ မှအဆက်

မိမိတို့တပ်မတော်သားများသည် နိုင်ငံနှင့်ပြည်သူအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်းများစွာဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခဲ့ကြကြောင်း၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုများ၊ ဝါဒစွဲ ဂိုဏ်းဂဏစွဲကြောင့် ဖြစ်ပေါ်လာသည့် ထိုးနှက်တိုက်ခိုက်မှုများကြားတွင် တပ်မတော်အနေဖြင့် စစ်မှန်သည့် အမျိုးသားရေးတာဝန်ကိုသာ ရှေးရှုပြီး တိုင်းပြည်နှင့်လူမျိုးအကျိုးသယ်ပိုးခဲ့သည်မှာ သမိုင်းသက်သေရှိပြီးဖြစ်ကြောင်း၊ ယခု မိမိတို့တပ်မတော်၏ နိုင်ငံ့အရေးတာဝန်များကို ထမ်းဆောင်နေမှုများသည်လည်း သမိုင်းများပင်ဖြစ်သဖြင့် သမိုင်းမှတ်တမ်းကောင်းကို ရေးထိုးနိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိ ပြည်တွင်း၊ ပြည်ပအန္တရာယ်များ၊ အားလုံး၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့်တာဝန်များကိုထမ်းဆောင်နေရသည့် မိမိတို့တပ်မတော်သားများ၏ ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားရန်လိုကြောင်း၊ မိမိတို့နေ့စဉ်လှုပ်ရှားသွားလာမှုများဆောင်ရွက်ရာ၌ စစ်သည်တစ်ဦးချင်းစီအလိုက် ပတ်ဝန်းကျင်ကို သိရှိမှတ်သားတတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူထားရှိရန်လိုပြီး လုံခြုံရေးအသိ၊ လုံခြုံရေးသတိရှိရန်လိုကြောင်း၊ တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် စစ်ရေးအသိ၊ စစ်ရေးသတိရှိရန်လိုပြီး နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့်ပတ်သက်ပါက ဖြစ်ပေါ်လာနိုင်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးနန်းမြို့အနောက်ဘက်ရှိ စည်ရှည်တံတားအား ပြန်လည်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးနန်းမြို့အနောက်ဘက်ရှိ စည်ရှည်တံတားအား ပြန်လည်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ဝင်ရောက်စွက်ဖက်မှုများဖြင့် ကြုံတွေ့နေရချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသူများသည်များကို ကြိုတင်မြော်တွေးပြင်ဆင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

နိုင်ငံတော်တွင်ဖြစ်ပေါ်လျက်ရှိသည့် ဆူပူအကြမ်းဖက်ဖြစ်စဉ်များကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူလူထုများ အသက်ခန္ဓာဆုံးရှုံးခဲ့ကြရသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသည့် လမ်းတံတားများ၊ စက်ရုံအလုပ်ရုံများ၊ အဆောက်အဦများများစွာပျက်စီးဆုံးရှုံးထိခိုက်နစ်နာခဲ့ရကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်မှ ထိခိုက်နစ်နာရသကဲ့သို့ ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း လူမှုရေး၊ စီးပွားရေးအရ ထိခိုက်နစ်နာခဲ့ရခြင်းများရှိခဲ့ကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များအပေါ် ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်တို့၏ ပေါင်းစည်းအား၊ ညီညွတ်သောစိတ်ဓာတ်တို့ဖြင့် ကာကွယ်သွားရမည်ဖြစ်ကြောင်း၊ တပ်နယ်များအလိုက် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ဒေသအတွင်း အကြမ်းဖက်မှုများမရှိစေရေး၊ လက်နက်ကိုင်၍ ပြည်သူလူထုကို အနိုင်ကျင့်နေမှုများမရှိစေရေး နယ်မြေလုံခြုံရေးတာဝန်များကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ တပ်မတော်သားများအနေဖြင့်လည်း တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာမှုမှသည် တပ်ပြင်စည်းရုံးရေးကို တည်ဆောက်၍ တပ်နှင့်ပြည်သူတစ်သားတည်းဖြစ်အောင် တည်ဆောက်ထားရှိရန်လိုကြောင်း၊ တပ်တွင်း၊ တပ်ပြင်အင်အားများကို တည်ဆောက်၍ စုစည်းညီညွတ်သည့်အားဖြင့် မိမိတို့တာဝန်ထမ်းဆောင်နေရသည့်ဒေသ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အတူတကွ ဝိုင်းဝန်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ မိမိတို့၏တာဝန်များကို မှန်မှန်ကန်ကန်ထမ်းဆောင်ပြီး ပြည်သူက လေးစားရသည့်၊ အားကိုးရသည့် စစ်သည်များဖြစ်အောင် နေထိုင်ကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၇ သို့ ❍

**❖ လက်ရှိ ပြည်တွင်း၊ ပြည်ပအန္တရာယ်များ ဝင်ရောက်စွက်ဖက်မှုများဖြင့် ကြုံတွေ့နေရချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသူများအားလုံး၏ နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုဂုဏ်ပြု၊ နိုင်ငံနှင့်ပြည်သူတို့အတွက် မြင့်မြတ်လှသည့်တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့တပ်မတော်သားများ၏ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားရန်လို . . .**

❍ **စာမျက်နှာ ၆ မှအဆက်**

တပ်မတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စုစည်းညီညွတ်သည့်အင်အားဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး တပ်မတော်သားတိုင်းအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့်ပတ်သက်ပါက စစ်သားစိတ်မွေး၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့သင်ကြားခဲ့ရသည့် စစ်ပညာများ၊ တွေ့ကြုံခဲ့ရသည့် လူမှုဆက်ဆံရေး အသိပညာ၊ အတတ်ပညာများကို လက်တွေ့နယ်ပယ်၌ အကျိုးရှိရှိ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့်မူဝါဒအတိုင်း စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများကို အမြဲမပြတ်လေ့လာနေရမည်၊ သင်ယူထားရှိပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် အတတ်ပညာများကို ပိုမိုကျွမ်းကျင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများကို အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ်**ကြောင်း၊ စစ်မှုရေးရာကိစ္စရပ်များသာမက အခြားသောလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ထိုကဲ့သို့ကျင့်သုံးဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများအောင်မြင်နိုင်မည်ဖြစ်ကြောင်း။

**ပညာရေးအားပေးရန်နှင့် စာပေဖတ်မှတ်လေ့လာတတ်သည့် အလေ့အကျင့်ကောင်းများရရှိရေး**

ပညာရေးနှင့်ပတ်သက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတို့ဘဝတိုးတက်ရေးကို အထောက်အကူပြုစေမည့် ဗဟုသုတများရရှိစေရန် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ မိမိတို့ကိုယ်တိုင် အသိပညာဗဟုသုတများရရှိစေရေး စာပေဖတ်မှတ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မိမိတို့၏ သားသမီးများကိုလည်း ပညာရေးအားပေးရန်၊ စာပေဖတ်မှတ်တတ်သည့်အလေ့အကျင့်ကောင်းကို ပြုလုပ်ပေးရန်လိုကြောင်း၊ စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုစေပြီး အသိပညာအတတ်ပညာကြွယ်ဝသည့်၊ ယဉ်ကျေးသိမ်မွေ့သည့် အနာဂတ်မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက် အားပေးဆောင်ရွက်၍ မိဘကောင်းများဖြစ်အောင် ဆောင်ရွက်ကြစေလိုပြီး ကောင်းမွန်သည့် ပညာအမွေကို ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိတ္ထီလာဒေသတွင် ပညာရေးနှင့်ပတ်သက်၍ အခွင့်အလမ်းကောင်းများစွာရှိပြီးဖြစ်သဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတို့၏ သားသမီးများ၏ ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ မိမိတို့တပ်မတော်သားများ၏ စားသောက်နေထိုင်မှုမှအစ လူနေမှုအဆင့်အတန်းများကို အဆင့်နှင့်လျော်ညီစွာ ဖြည့်ဆည်းပေးထားပြီး ရသင့်ရထိုက်သည့်ရပိုင်ခွင့်များအပြင် အခြားလိုအပ်ချက်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဦးစီးခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့၏လက်အောက်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မျှတသည့်အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ကြောင်း၊ တပ်မှူးကောင်းသဖွယ်စိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

**❖ တပ်မတော်သားများအနေဖြင့်လည်း တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာမှုမှသည် တပ်ပြင်စည်းရုံးရေးကိုတည်ဆောက်၍ တပ်နှင့်ပြည်သူတစ်သားတည်းဖြစ်အောင် တည်ဆောက်ထားရှိရန်လို၊ တပ်တွင်း၊ တပ်ပြင်အင်အားများကို တည်ဆောက်၍ စုစည်းညီညွတ်သည့်အားဖြင့် မိမိတို့တာဝန်ထမ်းဆောင်နေရသည့်ဒေသ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အတူတကွ ဝိုင်းဝန်းဆောင်ရွက်နေရမည်ဖြစ် . . .**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ မိတ္ထီလာတပ်နယ်မှူးနှင့် တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တပ်နယ်မှူး၏ဇနီးနှင့် တိုင်းမှူး၏ဇနီးတို့ကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့အနောက်ဘက်ရှိ စည်ရှည်တံတားအား ပြန်လည်တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တံတားပြန်လည်တည်ဆောက်ရာတွင် ရှေးမူမပျက် မူလပုံစံအတိုင်း တည်ဆောက်သကဲ့သို့ တံတားနှင့်ဆက်စပ်လျက်ရှိသည့်လမ်းများကိုလည်း စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ကျုံးမြို့ရိုး သာယာလှပစေရေးအတွက်လည်း စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့ရိုးတစ်လျှောက် မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

# မန္တလေးတိုင်းဒေသကြီးအတွင်း လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ ရေဘေးသင့်အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးရန် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ ရေဘေးသင့်အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းခွင့်ပြုထုတ်ပေးရန် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီမြို့တော်ခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးတွင် အလုပ်ဌာန ၇၃၀၇ ဌာန၊ အာမခံအလုပ်သမား ၁၂၄၁၆၄ ဦး မှတ်ပုံတင်ထားသည့်အနက်မှ အလုပ်ဌာန ၉၅ ဌာနမှ ရေဘေးသင့်အာမခံအလုပ်သမား ၁၁၉၇ ဦးရှိပြီး အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက်မန္တလေးအလုပ်သမားဆေးရုံကြီး၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၁၃ ခန်း၊ ဌာနကြီးဆေးခန်းကိုးခန်း၊ စာချုပ်ဆေးခန်း ခုနစ်ခန်းဖွင့်လှစ်၍ ၂၀၂၄ ခုနှစ်ဧပြီလမှ ဒီဇင်ဘာလအထိ အာမခံအလုပ်သမား လူနာပေါင်း ၉၀၂၈၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးထံ အာမခံအလုပ်သမား ၁၁၉၇ ဦးအတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်သန်း ၉၇ ဒသမ ၁၁၄ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အာမခံအလုပ်သမားများနှင့် အလုပ်ရှင်များကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိအလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးရုံးသို့လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး)၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်းဖွင့်လှစ်ပို့ချနေမှုကိုလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြို့နယ်ရုံးသို့လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့ဖြင့် စာချုပ်ချုပ်ဆိုဆောင်ရွက်လျက်ရှိသည့် လူမှုဖူလုံရေး-ဘေးမခအထွေထွေရောဂါကုဆေးခန်း၌ အာမခံအလုပ်သမားများအား ဆေးဝါးကုသမှု ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဆိုပါသင်တန်းကျောင်းခန်းမ၌ မန္တလေးတိုင်းဒေသကြီးရှိမြို့နယ်ရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# သတိထားစရာ HMPV အသက်ရှူလမ်းကြောင်းရောဂါ

ဆောင်းရာသီ၏အေးမြမှုနှင့်အတူ အအေးမိတုပ်ကွေးဝေဒနာများ မကြာခဏခံစားကြရလေ့ရှိသည်။ ထိုအအေးမိတုပ်ကွေးနှင့်ဆင်တူသော Human Metapneumo virus ရောဂါ တရုတ်နိုင်ငံ၌ ဖြစ်ပွားနေမှုအပေါ် လူအများမှ စိတ်ဝင်တစားဖြစ်ခဲ့ရသည်။ ကိုဗစ်-၁၉ ရောဂါကဲ့သို့ အသေအပျောက်များမည်ကိုလည်း စိုးရိမ်နေကြသကဲ့သို့ တရုတ်နှင့်မြန်မာ နယ်နိမိတ်ချင်းထိစပ်နေသဖြင့် မိမိနိုင်ငံသို့ ပျံ့နှံ့ဝင်ရောက်လာမည်ကိုလည်း သတိထားစောင့်ကြည့်နေရသည်။

HMPV ဗိုင်းရပ်စ်ပိုးသည် တုပ်ကွေးအအေးမိသကဲ့သို့ လက္ခဏာများကို ခံစားရစေသော အသက်ရှူလမ်းကြောင်းကိုထိခိုက်စေသည့် ရောဂါပိုးဖြစ်သည်။ Respiratory syncytial virus နှင့်တူသော Pneumoviridae မိသားစုတွင်ပါဝင်သည့် RNA ဗိုင်းရပ်စ်ဖြစ်သည်။ ၂၀၀၁ ခုနှစ်မှစ၍ နယ်သာလန်နိုင်ငံ၌ စတင်တွေ့ရှိခဲ့သော်လည်း သုတေသနပညာရှင်များက ထိုဗိုင်းရပ်စ်ပိုးသည် လူများတွင် ဝင်ရောက်ဖြစ်ပွားနေမှုမှာ အနည်းဆုံး နှစ် ၆၀ ခန့်ပင်ရှိမည်ဟု ခန့်မှန်းကြသည်။ အထူးသဖြင့် အေးသောရာသီများ၊ ဆောင်းအကုန်နွေအကူးကာလများတွင် ရောဂါပိုး ပျံ့နှံ့ဖြစ်ပွားနှုန်းပိုခဲ့သည်။ ထိုဗိုင်းရပ်စ်ပိုးသည် အေးသောအခြေအနေတွင် ပို၍အသက်ရှည်နိုင်ပြီး အိမ်တွင်းရှိလူများကို တစ်ဦးမှတစ်ဦးသို့ လျင်မြန်စွာကူးစက်စေနိုင်သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတတိယပတ်မှစ၍ တရုတ်နိုင်ငံမြောက်ပိုင်း၌ ဖြစ်ပွားမှုများတွေ့ရှိရသဖြင့် ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကမ္ဘာ့ကပ်ရောဂါသဖွယ်မဖြစ်အောင် ရောဂါထိန်းချုပ်ရေးဌာနများမှ ကာကွယ်ရေးနည်းလမ်းများကို လူထုအားသတိပေးဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မလေးရှား၊ ဟောင်ကောင်၊ ကာဂျစ္စတန်၊ အိန္ဒိယနိုင်ငံတို့၌လည်း ရောဂါဖြစ်ပွားသူများတွေ့ရှိရသည်။

ရောဂါ၏သဘောသဘာဝမှာ လက်ရှိ ပြင်းထန်မှုမရှိဘဲ ပြန့်ပွားနှုန်းလည်း နည်းပါးနေသေးသော်လည်း အသက် ငါးနှစ်အောက်ကလေးငယ်များ၊ အသက် ၆၅ နှစ်အထက်လူကြီးများ၊ HIV၊ ကင်ဆာရောဂါများကြောင့် ကိုယ်ခံစွမ်းအားစနစ်အားနည်းသူများ၊ ခုခံအားကျဆင်းစေသည့် ဆေးဝါးများသောက်သုံးနေရသူများ၊ မူလက အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါရှိသူများတွင် ရောဂါပြင်းထန်ပြီး လေပြွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်းများဖြစ်ပွားကာ ဆေးရုံတက်ရောက်ကုသမှုခံယူရန် လိုအပ်သည်အထိ ဖြစ်ပွားနိုင်သည်။

ရောဂါလက္ခဏာအနေဖြင့် ရောဂါပိုးဝင်ရောက်ပြီး ဝေဒနာမခံစားရသူများရှိနိုင်သကဲ့သို့ ဝေဒနာခံစားရပါကလည်း နှာစေး၊ ချောင်းဆိုး၊ ကိုယ်လက်ကိုက်ခဲ၊ ဖျားနာ၊ လည်ချောင်းနာ၊ အစားအသောက်ပျက်ခြင်းများ ခံစားရပြီး များသောအားဖြင့် ရက်ပိုင်းအတွင်း အလိုအလျောက်သက်သာနိုင်သည်။ ဝေဒနာပြင်းထန်သောလူနာများတွင် အသက်ရှူရခက်ခဲခြင်း၊ အသက်ရှူကျပ်ခြင်း၊ အသံပြောင်းခြင်းနှင့် အဆုတ်ရောင်လက္ခဏာများခံစားရနိုင်သည်။ မူလက ပန်းနာရင်ကျပ်၊ အဆုတ်ပွရောဂါရှိသူများတွင် ရင်ကျပ်ဝေဒနာ ပိုမိုဆိုးရွားစွာခံစားရနိုင်သည်။ ရောဂါတစ်ကြိမ်ဖြစ်ပွားပြီးပါကလည်း ထပ်မံဖြစ်နိုင်ခြေရှိသည်ဟုဆိုသည်။

ကမ္ဘာလုံးဆိုင်ရာစစ်တမ်းများအရ ကလေးသူငယ်များတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၏ ၁၀-၁၂ ရာခိုင်နှုန်းခန့်သည် HMPV ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ရပြီး ရောဂါခံစားရသူ၏ ၅ - ၁၆ ရာခိုင်နှုန်းမှာ အဆုတ်ရောင်ဝေဒနာခံစားရနိုင်သည်ဟုဆိုကြသည်။ တရုတ်နိုင်ငံရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးဗဟိုဌာနမှ ထုတ်ပြန်ချက်အရ HMPV ဗိုင်းရပ်စ်ပိုးသည် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါခံစားရသူများတွင် ပိုးတွေ့ရှိမှု ၆ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး အသက်ရှူလမ်းကြောင်းဝေဒနာနှင့်ဆေးရုံတက်ရောက်ကုသမှု၏ ၅ ဒသမ ၄ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ ရောဂါလက္ခဏာများသည် တစ်ပတ်၊ နှစ်ပတ်အတွင်း သက်သာသွားနိုင်သော်လည်း ရောဂါပြင်းထန်သောလူနာများတွင် လနှင့်ချီ၍ပင် ခံစားရနိုင်သည်။

HMPV ဗိုင်းရပ်စ်ပိုးသည် ရောဂါရှိသူ နှာချေ၊ ချောင်းဆိုးခြင်းကြောင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ဝင်ရောက်ခြင်း၊ ဗိုင်းရပ်စ်ပိုးပါဝင်သောနှာရည်၊ ချွဲသလိပ်များနှင့် တိုက်ရိုက်ထိတွေ့ခြင်း၊ ရောဂါပိုးကပ်ငြိနေသောဖုန်း၊ တံခါးလက်ကိုင်၊ ကွန်ပျူတာကီးဘုတ်၊ ကလေးကစားစရာများ ထိတွေ့ကိုင်တွယ်ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်နမ်းရှုပ်ခြင်းတို့သည် ရောဂါကူးစက်စေနိုင်သောအကြောင်းများဖြစ်သည်။ ထို့ကြောင့် နှာရည်၊ သလိပ်၊ အသက်ရှူလမ်းကြောင်းမှ ထွက်လာသောအရည်များမှ HMPV RNA ကို PCR နည်းပညာဖြင့် စမ်းသပ်ရှာဖွေနိုင်သည်။

ရောဂါမကူးစက်စေရန် ရှောင်ကြဉ်ရမည့်နည်းလမ်းများမှာ အသက်ရှူလမ်းကြောင်းမှဝင်ရောက်သော ကိုဗစ်-၁၉ ရောဂါနှင့် ကူးစက်ပုံတူညီသောကြောင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလက ကာကွယ်မှုနည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်နိုင်သည်။ လက်ကို ရေ၊ ဆပ်ပြာအသုံးပြု၍ သေချာစွာဆေးကြောပါ။ ထိုကဲ့သို့ မဆေးကြောနိုင်ပါက ရေမလိုလက်သန့်ဆေးရည်ကို အသုံးပြုနိုင်သည်။ နှာချေ၊ ချောင်းဆိုးချိန်တွင် ပါးစပ်နှင့်နှာခေါင်းကို တံတောင်ဆစ်ဖြင့်ဖုံးအုပ်ထားရပါမည်။ လူထူထပ်သည့်နေရာများကို ရှောင်ကြဉ်ရန်လိုအပ်ပြီး နေမကောင်းပါက သူတစ်ပါးအား ရောဂါမကူးစက်စေရန် ပါးစပ်နှင့်နှာခေါင်းစည်း(Mask) ကို တပ်ဆင်ရမည်။ အပြင်သွားလျှင်လည်း ပါးစပ်နှင့်နှာခေါင်းစည်းတပ်ဆင်ရပါမည်။ စားသောက်ပန်းကန်ခွက်ယောက်၊ အသုံးအဆောင်များကို တခြားသူများနှင့် မျှဝေသုံးစွဲခြင်းမပြုသင့်ပေ။ မိမိ၏မျက်နှာ၊ နှာခေါင်း၊ ပါးစပ်ကို မကြာခဏကိုင်တွယ်ခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်သကဲ့သို့ ရောဂါဖြစ်ပွားနေသူများနှင့် အနီးကပ်ထိတွေ့မှုကိုရှောင်ကြဉ်ရမည်။ ထိုဗိုင်းရပ်စ်ပိုးအတွက် သီးသန့်ကာကွယ်ဆေးမထုတ်နိုင်သေးသော်လည်း ရာသီတုပ်ကွေးကာကွယ်ဆေးထိုးထားခြင်းသည်လည်း အထိုက်အလျောက်သက်သာနိုင်မည်။

ရောဂါဝေဒနာခံစားရပါက ရေများများသောက်ခြင်း၊ အိပ်ရေးဝဝအိပ်စက်ခြင်း၊ ပူနွေးကြေညက်လွယ်သောအစာများစားကာ နွေးနွေးထွေးထွေး နေအိမ်အတွင်းနေထိုင်သင့်သည်။ ဝေဒနာသက်သာစေသည့် အဖျားကျဆေး၊ အကိုက်အခဲပျောက်ဆေး၊ နှာစေးချောင်းဆိုးသက်သာစေမည့်ဆေးများ သောက်သုံးနိုင်သည်။ အဖျားကြီးပြီး အသက်ရှူခက်၊ အသက်ရှူကျပ်သည့်ဝေဒနာများခံစားရပါက၊ ကလေးငယ်များတွင် ခြေသည်းလက်သည်း၊ နှုတ်ခမ်းများပြာလာပါက၊ သွေးတွင်းအောက်ဆီဂျင်ကျလာပါက ကျန်းမာရေးဌာနများသို့ အမြန်ဆုံးသွားရောက်သင့်သည်။ ရောဂါဝေဒနာဆိုးရွားသောကလေးငယ်များတွင် အောက်ဆီဂျင်ပေးခြင်းသာမက အသက်ရှူကူကိရိယာများပင် တပ်ရနိုင်ပါသည်။ ကိုယ်ခံအားကျနေသောလူနာများ အထူးသဖြင့် ကင်ဆာရောဂါခံစားနေရသူများ၊ ရိုးတွင်းခြင်ဆီအစားထိုးထားသူများတွင် ပြင်းထန်အဆုတ်ရောင်ဖြင့် သေဆုံးနှုန်းမှာ ၁၀-၈၀ ရာခိုင်နှုန်းအထိရှိနိုင်သည်။

"HMPV ဗိုင်းရပ်စ်ပိုးသည် ရောဂါရှိသူ နှာချေ၊ ချောင်းဆိုးခြင်းကြောင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ဝင်ရောက်ခြင်း၊ ဗိုင်းရပ်စ်ပိုးပါဝင်သောနှာရည်၊ ချွဲသလိပ်များနှင့် တိုက်ရိုက်ထိတွေ့ခြင်း၊ ရောဂါပိုးကပ်ငြိနေသောဖုန်း၊ တံခါးလက်ကိုင်၊ ကွန်ပျူတာကီးဘုတ်၊ ကလေးကစားစရာများ ထိတွေ့ကိုင်တွယ်ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်း၊ ပွေ့ဖက်နမ်းရှုပ်ခြင်းတို့သည် ရောဂါကူးစက်စေနိုင်သောအကြောင်းများဖြစ် . . ."

ကျွမ်းကျင်သူများ၏အဆိုအရ ယင်းဗိုင်းရပ်စ်အဆုတ်ရောင်ရောဂါသည် ဆယ်စုနှစ်များစွာ ကလေးတိုင်းနီးပါးခံစားရပြီးဖြစ်သဖြင့် ကိုယ်ခံစွမ်းအားစနစ် ထိုက်သင့်သလောက်ရှိနေသောကြောင့် ကိုဗစ်-၁၉ ရောဂါလောက် မပြင်းထန်နိုင်ပေ။ ကိုဗစ်-၁၉ ရောဂါမှာ မူလက လူများတွင် မခံစားဖူးဘဲ အသစ်ဖြစ်လာသောရောဂါပိုးဖြစ်ပြီး ကမ္ဘာအနှံ့ပြန့်ပွားမှုလျင်မြန်ခြင်း၊ ခန္ဓာကိုယ်တွင်းအနှံ့ရောင်ရမ်းစေခြင်းတို့ကြောင့် ထိခိုက်နစ်နာမှုများသကဲ့သို့ သေဆုံးမှုများလည်းရှိခဲ့ရသည်။ HMPV အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါသည် ရောဂါဆိုးနိုင်ခြေရှိသော လူနာများမှတစ်ပါး အများစုမှာ အလွယ်တကူသက်သာပျောက်ကင်းနိုင်သောကြောင့် လွန်ကဲစွာစိုးရိမ်ရန်မလိုပေ။ ရောဂါဖြစ်ပွားနေသောနိုင်ငံများ၌ ရောဂါ၏အခြေအနေ၊ ဖြစ်ပွားနှုန်းနှင့်ဆိုးကျိုးသက်ရောက်မှုများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်လေ့လာနေရပါမည်။ တစ်ဦးတစ်ယောက်ချင်းစီမှလည်း ရောဂါကာကွယ်ရေးနည်းလမ်းများကိုကြိုတင်၍ စနစ်တကျလိုက်နာဆောင်ရွက်ရပါမည်။ သို့မှသာ HMPV ဗိုင်းရပ်စ်ပိုးသာမက ကိုဗစ်အသွင်ပြောင်းပိုးများ၊ အသက်ရှူလမ်းကြောင်းကိုတိုက်ခိုက်နိုင်သည့် တခြားသောဗိုင်းရပ်စ်ပိုးမွှားများကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ပွားမှုကိုပါ ကာကွယ်နိုင်မည်ဖြစ်ကြောင်း အသိပေးရေးသားလိုက်ရပါသည်။ ။

**ဒေါက်တာဥမ္မာစော**

## မလှိုင်မြို့နယ် အုပ်ကလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မလှိုင် ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် အုပ်ကြီးကျေးရွာအုပ်စု အုပ်ကလေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီလ ၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ အုပ်ကလေးကျေးရွာ၌ အရှည် ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေနှင့် ဆောင်ရွက်ပြီးလုပ်ငန်းများရေရှည်တည်တံ့ရေး ဆွေးနွေးမှာကြားသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် အုပ်ကလေးကျေးရွာ၌ နိုင်ငံတော်ပံ့ပိုးငွေ ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၅၂၄၀၀၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဇူလိုင်လတတိယပတ်မှစ၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## မုဒုံမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဆင်း

**မုဒုံ ဇန်နဝါရီ ၁၀**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းဆင်းပွဲကို ဇန်နဝါရီလ ၁၀ ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးဟိန်းဆက်အောင်က မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး ရပ်ရွာနှင့်ပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားကာကွယ်စောင့်ရှောက်ကြရန်၊ မီးသတိမူရေးနှင့် မီးဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ မီးလောင်မှုဖြစ်ပွားပါက လျင်မြန်စွာငြိမ်းသတ်နိုင်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **အောင်မျိုးသူ(ပြန်/ဆက်)**

# စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်းဆောင်ရွက်



**ပေါင် ဇန်နဝါရီ ၁၀**

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် နယ်လှည့်စာကြည့်တိုက် အသိပညာပေးဟောပြောခြင်းနှင့်နံရံကပ်စာစောင်ပြသခြင်းကို ဇန်နဝါရီလ၁၀ရက်တွင် ပေါင်မြို့နယ် ကျခတ်ငူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဆောင်ရွက်သည်။

ရေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်မိယဉ်ယဉ်မွန်က မိမိဘဝတိုးတက်မှုရရှိလာအောင် စာများများဖတ်ကြရန်၊ အရွယ်မရောက်သေးသည့် ကလေးငယ်များကို မတရားအလုပ်စေခိုင်းမှုမှကာကွယ်ရန်၊မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ လူကုန်ကူးမှု၏ဆိုးကျိုးများကို ကျောင်းသား၊ ကျောင်းသူများသိရှိရန် ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရုပ်ပြပုံပြင်စာအုပ်၊ စာစောင်များ စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ပတ်သက်သည့် ဆောင်းပါး၊ကဗျာ၊ ကာတွန်း သိမှတ်ဖွယ်ရာများ၊ နံရံကပ်စာစောင်များနှင့် ဓာတ်ပုံများကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**မြစ်သား ဇန်နဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တို့ ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇန်နဝါရီလ ၁၀ ရက် နံနက်ပိုင်းတွင် ကျင်းပကြောင်း သိရသည်။

ရေးဦးစွာ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင် ဒေါ်ထွန်းထွန်းမော်က ကလေးအလုပ်သမားပပျောက်ရေးအတွက် အရေးကြီးပုံအကြောင်း၊ ကလေးအလုပ်သမားများ လျော့နည်းပပျောက်အောင် ကလေးများကိုအကာအကွယ်ပေးရမည့် အကြောင်းအရာများကို ဟောပြောသည်။

ဆက်လက်၍ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင် အထက်တန်းရှေ့နေ ဒေါ်ယဉ်ယဉ်ထွန်းက ကလေးများကို ကြမ်းတမ်းသောအလုပ်၊ အန္တရာယ်ရှိသောအလုပ်နှင့် ခေါင်းပုံဖြတ်ခံရသည့် လုပ်ငန်းမျိုးမှ အကာအကွယ်ပေးရန်နှင့် ကလေးများ၏ကျန်းမာရေးနှင့်ပညာရေးထိခိုက်စေမည့် အလုပ်မျိုးမလုပ်ရစေရန် တားဆီးကာကွယ်ပေးရမည်ဖြစ်ကြောင်း စသည့်အကြောင်းအရာများကို ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသောပြည်ထောင်စုနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်နှင့် စာအုပ်၊ စာစောင်ပြပွဲများပြသရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာမှတ်သားကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

# ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၀**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျောက်ခဲအင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီလ ၁၀ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော်တိုင်းကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်မင်းထွန်း၊ လယ်ဝေးခရိုင်ဦးစီးမှူး ဦးမျိုးတင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျောက်ခဲအင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည် ၆၃၅၉ ပေ၊ အကျယ် ၁၂ ပေ၊ ထုမြေသား ၂ပေ၊ရိုစာ ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု၊ ၎င်းလမ်းပေါ်ရှိ Slab Culvert တံတား ၄ စင်း၊ ရေကျော်တံတား ၂ စင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက ကျေးရွာရှိ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြား၍ ကျေးရွာမှတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကျောက်ခဲအင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆၀ ဒသမ ၂၀၅ သန်းဖြင့် ခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၈၂ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

# ငွေနှင်းစိုစို လပြာသို

○ ဝန်းကျင်တစ်ခွင်၊ ရှုလေမြင်ဘိ
နွယ်ပင်ခွာညို၊ ပွင့်ဝေပို၏
ပြာသိုဆောင်းလ၊ နှင်းမှုန်ကျလျက်
တွေ့ရခါသော်၊ မြောက်လေဆော်၍
ပင်ပေါ်ဖွေးဖွေး၊ ဆောင်းချမ်းအေးသည်
ပန်းသွေးရနံ့ သင်းပျံ့ပျံ့။

○ ကောင်းကင်ပြာပြာ၊ မိုးတိမ်လွှာတို့
လေမှာရွေ့လျား၊ လှည့်၍သွားသော်
နေ့အားကနည်း၊ ညအားသည်းလျက်
နေလည်းအဝင်၊ အာကာခွင်ဝယ်
ရှုမြင်လေတိုင်း၊ အုံ့ကာမှိုင်းခဲ့
ရစ်သိုင်းနှင်းမှုန် ခိုက်ခိုက်တုန်။

○ ဆောင်းနှင်းတို့ဝေ၊ ပန်းပေါင်းထွေခဲ့
ပွင့်ဝေသစ်ဆန်း၊ တော်ဝင်ပန်းတို့
ပင်နန်းဝေဆာ၊ လေယူရာသို့
သင်းဖြာကြည်အေး၊ တောလုံးမွှေးသည်
ချမ်းအေးရာသီ ပွင့်ကြပြီ။

○ ဝန်းကျင်ဘယ်ညာ၊ တို့လယ်ယာဝယ်
ရွှေဝါစပါး၊ ကောက်နှံများဖြင့်
ဝင့်ကြွားတင့်တယ်၊ သာမောဖွယ်နှင့်
ခံ့ထည်အဆင်း၊ တို့လယ်ခင်းဝယ်
မှီတင်းစိုက်ပျိုး ပြည့်အကျိုး။

○ ငွေနှင်းစိုစို၊ လပြာသိုဝယ်
စိတ်ကိုမြှင့်တင်၊ ပွဲသဘင်နှင့်
ဆင်ယဉ်ခဲ့သေး၊ ဓားလှံရေးကို
စစ်ဆေးစွမ်းရည်၊ ထူးချွန်ပြီမို့
ဇာနည်အားမာန်၊ သစ်တစ်ဖန်ဖြင့်
ပြည်မြန်မာရေး၊ ဇာတိသွေးကြောင့်
ချမ်းအေးကာလ၊ ပေါင်းစုကြသည်
လှပအဆင်း၊ တို့ပြည်တွင်းဝယ်
ညီရင်းအစ်ကို၊ ချစ်ကြည်ပို၍
မြဲလိုစည်းလုံး ပျော်မဆုံး။ ။

**ရွှေလက်ပံ(မဲဇလီ)**

## သဇင် (FM) အသံလွှင့်အစီအစဉ် ၁၁-၁-၂၀၂၅(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဓာတ်လမ်းအသွင် တေးသံစဉ်

# ချောက်မြို့၌ စွယ်တော်မြတ်စေတီပုံစံတူ တည်ထားကိုးကွယ်မည်

**မကွေး ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့နှင့်ကျေးရွာများမှ အများပြည်သူများဖူးမြော်နိုင်ရေးအတွက် ချောက်မြို့တွင် ဉာဏ်တော်အမြင့် ၈၁ ပေရှိ စွယ်တော်မြတ်စေတီပုံစံတူတည်ထားကိုးကွယ်မည့်အခြေအနေကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည်တိုင်းဒေသကြီးဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ သွားရောက်ကြည့်ရှုသည်။



ထိုသို့သွားရောက်စဉ် ပြည်ထောင်စုဝန်ကြီးက စွယ်တော်မြတ်စေတီတည်ထားကိုးကွယ်မည့် ချောက်မြို့ အမှတ်(၅) ရပ်ကွက် ကွင်းအမှတ်(၂၉၃)ရှိမြေ ၂၀ ဒသမ ၀၈ ဧကပေါ်တွင် စေတီတော်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး၊ သက်ဆိုင်ရာဌာနများ ပေါင်းစပ်၍ မြေအရည်အသွေးတိုင်းတာစစ်ဆေးခြင်း၊ စေတီတော်တည်ထားမည့်ပန္နက်မြေနေရာအတည်ပြုသတ်မှတ်ခြင်း၊ မြေပြုပြင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ချောက်ခရိုင်အတွင်းရှိဘုရားစေတီဂေါပကအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စွယ်တော်မြတ်စေတီတော်ပုံတူတည်ဆောက်ရေး ဆောင်ရွက်မည့်အခြေအနေ၊ စေတီတော်ကြီးကို အများပြည်သူလှူဒါန်းမှုဖြင့် တည်ထားကိုးကွယ်မည်ဖြစ်သည့်အတွက် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကုသိုလ်ယူပါဝင်ပူးပေါင်းဆောင်ရွက်ရေးတို့ကို တိုက်တွန်းပြောကြားပြီး မြို့မိမြို့ဖများ၏တင်ပြမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်ရေးနှင့် အသားငါးကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှဝန်ထမ်းများ၊ ပဲမျိုးစုံ၊ ရော်ဘာ၊ ကော်ဖီစိုက်လုပ်ငန်းရှင်များ၊ ကြက်၊ ဘဲမွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဧရာဝတီတိုင်းဒေသကြီး၏ လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးတွင် စပါးတစ်ဧကချင်းပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းကြရန်၊ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်ရေးနှင့် အသားငါးကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်ရန်၊ ဒေသတစ်ခုချင်းစီဖွံ့ဖြိုးတိုးတက်ရေးနှင့် စာရင်းဇယားများမှန်ကန်စွာကောက်ခံတင်ပြနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဧရာဝတီရေလုပ်ငန်းကုမ္ပဏီလီမိတက်အအေးခန်းစက်ရုံ၏ ပုစွန်၊ ကျားပုစွန် တန်ဖိုးမြင့်ကုန်ချောထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်တွေ့ဆုံ၍ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊ လယ်ယာသားငါးကုန်ထုတ်လုပ်မှုကိုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSMEs) လုပ်ငန်းများဖွံ့ဖြိုးရေးညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပန်းတနော်မြို့နယ် ပသွယ်ကျေးရွာအုပ်စုရှိ မွေးမြူရေးသုတေသနဦးစီးဌာန မွေးမြူရေးသုတေသနစခန်း(ပန်းတနော်)၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သည့် ဒေသနှင့်ကိုက်ညီသည့် ငါးမျိုးစိတ်များ စမ်းသပ်သုတေသနပြုနေမှု၊ ဥတိုကျေးရွာရှိ ထူးထက်ဟန်ကုမ္ပဏီလီမိတက်၏ အသားတိုးဝက်နှင့် တီလားဗီးယားငါးမွေးမြူ ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်နေမှုနှင့် ညောင်တုန်းမြို့နယ် ရွှေနဂါးမင်းကုမ္ပဏီလီမိတက်၏ ငါးကြင်းနှင့် ငါးတန်များမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (၉)မိုင်အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့်ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် နွေစပါး၊ မိုးစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံနေကြာနှင့် ပဲမျိုးစုံစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၀**

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ကနေပြည်တော်မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အတွင်းရေးမှူး ဦးမြင့်အောင်၊ ဒေါ်ဆွေဇင်ထိုက်နှင့် ဆပ်ကော်မတီမှ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး လျာထားသတ်မှတ်ပေးထားသည့်လုပ်ငန်းတာဝန်များမှာ အတိုင်းအတာတစ်ခုအထိ ပြီးစီးနေပြီဖြစ်ပြီး ကျန်ရှိသည်များ လစ်ဟာမှုမရှိစေရေးလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က ယခင်နှစ်က အတွေ့အကြုံရှိပြီးဖြစ်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

(သတင်းစဉ်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၅°c | / | ၃၁°c |
| ရန်ကုန် | ၁၇°c | / | ၃၂°c |
| မန္တလေး | ၁၆°c | / | ၃၀°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**(၁၀-၁-၂၀၂၅) ရက်နေ့**
**စာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၃၉၀,၀၀၀)ကျပ်ဖြစ်သည်။**

**စာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်ချီးမြှင့်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အခမ်းအနားတက်ရောက်လာကြသူများက ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ တက္ကသိုလ်နှင့်ပညာရေးဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏သီဆိုကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာ ညီလာခံ(၂၀၂၅)တွင် ပါဝင်ဆောင်ရွက်ပေးခဲ့သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၀**

ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅) ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပညာရေးမှူးများ၊ ပါမောက္ခများ၊ ပညာရှင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပစာတမ်းရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာ ညီလာခံ (၂၀၂၅) တွင် ပါဝင်ဆောင်ရွက်ပေးခဲ့သော နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသည့် China Geological Survey, Guangzhou Marine Geological Survey(GMGS)၊ Association of Southeast Asian Teacher Education Network(AsTEN) နှင့် Southeast Asian Ministers of Education Organization Technical Education Development (SAMEO TED) တို့မှ ကိုယ်စားလှယ်များကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက စာတမ်းဖတ်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် သဘာပတိအဖွဲ့ဝင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုလက်ဆောင်ကို လည်းကောင်း၊ စာတမ်းများစိစစ်ပေးသည့် ပညာရှင်များ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးနှင့် ဆရာအတတ်ပညာရေးဆိုင်ရာ စာတမ်းရှင်များ ကိုယ်စား စာတမ်းရှင်တစ်ဦးအား ဂုဏ်ပြုလက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ဝိဇ္ဇာသိပ္ပံပညာရပ်ဆိုင်ရာစာတမ်းရှင်များ ကိုယ်စား စာတမ်းရှင်တစ်ဦးအားလည်းကောင်း၊ သမုဒ္ဒရာနှင့် ကမ္ဘာမြေသိပ္ပံဆိုင်ရာ စာတမ်းရှင်များကိုယ်စား စာတမ်းရှင် တစ်ဦးအားလည်းကောင်း၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး စာတမ်းရှင်များကိုယ်စား စာတမ်းရှင်တစ်ဦးအားလည်းကောင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဘာသာစကား အရင်းအမြစ်နှင့် နည်းပညာစာတမ်းရှင်များကိုယ်စား စာတမ်းရှင်တစ်ဦးနှင့် Young Generation Scientists စာတမ်းရှင်များကိုယ်စား စာတမ်းရှင်တစ်ဦးတို့အား ဂုဏ်ပြုလက်မှတ်များကို လည်းကောင်း၊ Organizing Committee ကိုယ်စားလှယ် တစ်ဦးအား အမှတ်တရလက်ဆောင်ကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ တက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက တေးသံသာများ၊ အကအလှများဖြင့် သီဆို ကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသူများကို **စာမျက်နှာ ၁၂ သို့** ❑






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဖျော်ဖြေတင်ဆက်ခဲ့ကြသူများအတွက် ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၀

၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

**❖ အမျိုးသားရေးဦးတည်ချက်(၅)ရပ် ချမှတ်သည့်အပေါ်တွင် ဒို့တာဝန်အရေး(၃)ပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဦးတည်ချက်များနှင့်အညီ တိုင်းရင်းသားများစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးအတွက် အဓိကထားပြီး ရည်ရွယ်ဆောင်ရွက်သွားကြရမည်ဖြစ်. . .**

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ NSPNC၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ တပ်မတော်မှအရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးနှင့်ပတ်သက်၍ ပထမဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်(၅)ရပ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြုဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင်အကောင်အထည်ဖော်ရေး၊ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည် တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဖော်ဆောင်ပေးရေး စသည့် ဦးတည်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အမျိုးသားရေးဦးတည်ချက် (၅)ရပ် ချမှတ်သည့်အပေါ်တွင် ဒို့တာဝန်အရေး (၃)ပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဦးတည်ချက်များနှင့်အညီ တိုင်းရင်းသားများစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးအတွက် အဓိကထားပြီး ရည်ရွယ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ထူးခြားချက်အနေဖြင့် ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပချိန် တစ်ဆက်တည်းတွင် MSME ပြပွဲ၊ ပြိုင်ပွဲများကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်ပြီး နှစ်စဉ်ကျင်းပလျက်ရှိသည့် အခမ်းအနားဖြစ်သောကြောင့် အတွေ့အကြုံများရှိကြပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီများနှင့် ဆပ်ကော်မတီများအနေဖြင့် ယခင်နှစ်များက အခမ်းအနား၏ အတွေ့အကြုံများကိုလေ့လာပြီး ချို့ယွင်းချက်၊ အားနည်းချက်နှင့် အခက်အခဲများမဖြစ်ပေါ်စေရန်အတွက် အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ပြည်ထောင်စုနေ့အခမ်းအနားနှင့် ဆက်စပ်လျက်နေပြည်တော်ကောင်စီနယ်မြေ၌ပင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံး၏ MSME ထုတ်ကုန်များ ခင်းကျင်းပြသခြင်း၊ ဒေသအသီးသီးမှထုတ်ကုန်ပစ္စည်းအချင်းချင်း ယှဉ်ပြိုင်မှုမှတစ်ဆင့် အရည်အသွေးနှင့် ထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေခြင်းနှင့် ဖွံ့ဖြိုးစေခြင်းကို ရည်ရွယ်၍ MSME ထုတ်ကုန်ပြိုင်ပွဲကြီး တစ်ရပ်ကျင်းပရန်အပြင် ဒေသန္တရ ရိုးရာအစားအစာများကိုလည်း တစ်နေရာတည်း၌ပင် အမျိုးအစားစုံလင်စွာဖြင့် ထိတွေ့ခံစားနိုင်စေရန်အတွက်လည်း စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် ကျန်းမာရေး၊ လုံခြုံရေးကို အထူးဂရုစိုက်စိစစ်ပြီး သေသေချာချာ တိတိကျကျ စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ ယခင်အခမ်းအနားများထက်ပို၍ တင်းတင်းကျပ်ကျပ်လစ်ဟာမှုမရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆပ်ကော်မတီများအနေဖြင့် ဆောင်ရွက်နေကျလုပ်ငန်းများ ဖြစ်သော်လည်း မှားယွင်းမှု၊ လစ်ဟာမှုမရှိအောင် ဂရုစိုက်ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မတီများဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ညစာစားပွဲဖျော်ဖြေရေးဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ယဉ်ကျေးမှုအဖွဲ့များကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများပစ်ဖောက်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့်နေရာချထားရေးဆပ်ကော်မတီ၊ နိုင်ငံတော်အလံတင်အခမ်းအနားစီစဉ်ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ မြေစိုက်ပိုစတာများစိုက်ထူရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီနှင့် ညစာစားပွဲ ခင်းကျင်းကျွေးမွေးရေးဆပ်ကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားကြမည့်အစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး စာတမ်းဖတ်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး စာတမ်းရှင်များကိုယ်စား စာတမ်းရှင်တစ်ဦးအား ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် စာတမ်းရှင်များကိုယ်စား စာတမ်းရှင်တစ်ဦးအား ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်စဉ်။

❑ စာမျက်နှာ ၁၁ မှအဆက်

ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မွန်မြတ်စိတ်ထား နေ့စဉ်ပွားစို့

ထက်ဝေအောင်(စစ်ကိုင်း)

မေတ္တာဟူသည် စိတ်ဖြူစင်ခြင်း၏ အငွေ့အသက်တစ်ခုပင်ဖြစ်သည်။ စိတ်သည် အာရုံများစွာအပေါ်တွင် တည်မှီလှုပ်ရှားသွားလာလေ့ရှိပြီး တည်ငြိမ်မှုမရှိသော ကာမဂုဏ်အာရုံများ၌သာ ကျင်လည်ကျက်စားလေ့ရှိသည်။ စိတ်သည် ဖြူစင်အေးချမ်း တရားလမ်းကိုမျက်နှာမူရာတွင် ရေထဲကငါးပမာ အာရုံစုစည်းမရစွာ ဆွေ့ဆွေ့ခုန်တတ်သည်။ သစ်ပင်ထက်က မျောက်တစ်ကောင်ကဲ့သို့ အငြိမ်မနေ လှုပ်ရှားစိတ်များခြင်းကြောင့် အာရုံတစ်ခုတွင် ငြိမ်ဝပ်မနေခြင်းပင်ဖြစ်သည်။ စိတ်ကို ငြိမ်ဝပ်အောင်ပြုရန် သာမန်အားဖြင့် ခက်ခဲပေသည်။ အလွန်လျင်မြန်သော စိတ်အဟုန်သည် မကောင်းမှု၊ ကောင်းမှုကိုသိလျက် ကျူးလွန်သည်။ ထိုသို့ရိုင်းသည့်စိတ်ကို တဖြည်းဖြည်း ယဉ်ပါးလာအောင် ပြုပြင်နိုင်ပေသည်။ လူတိုင်း ယဉ်ကျေးသိမ်မွေ့လာအောင် ဆုံးမကြရမည်ဖြစ်သည်။ ယဉ်ကျေးသောစိတ်များဖြင့်သာ ပိုမိုကောင်းမွန်သော လူ့ပတ်ဝန်းကျင်တစ်ရပ်ကို ကောင်းကျိုးချမ်းသာ ပေးစွမ်းနိုင်မည်ဖြစ်သည်။

စိတ်သည်အနီးအဝေးမမှု အတွေးအာရုံ ကမ္ဘာကုန် ကျယ်သရွေ့ ဖြန့်ကြက်နိုင်စွမ်းရှိသည်။ စိတ်ဖြစ်စဉ်များသည် တစ်ခုပြီးတစ်ခု တရစပ်ဖြစ်ပေါ်သည်။ စိတ်အာရုံ ညွှတ်ကိုင်းမှု အတိမ်အနက်အလိုက် စိတ်ဆင်းရဲခြင်း၊ စိတ်ချမ်းသာခြင်းဖြစ်ရသည်။ စိတ်အာရုံများခြင်းကြောင့် ဆင်းရဲဒုက္ခ ပိုဖြစ်ကြရသည်။ သို့ဖြစ်၍ စိတ်ကိုလုံခြုံအောင် စောင့်ရှောက်ကြရမည်ဖြစ်သည်။ စိတ်မလုံခြုံသူသည် တည်ငြိမ်မှုမရှိ၊ သူတော်ကောင်းတရားများကို လက်မခံ၊ သဒ္ဓါတရားလည်းမဖြစ်ပေါ်နိုင်ပေရာ လောဘ၊ ဒေါသ၊ မောဟ အစရှိသော ကိလေသာမီးများ၏ လောင်မြိုက်ခြင်းကို ခံရမည်ဖြစ်သည်။ လျင်မြန်သောစိတ်၏ ဖြစ်စဉ်များကို လွယ်လင့်တကူမြင်သိနိုင်ရန် ခဲယဉ်းသည်။ ထို့ကြောင့် စိတ်တည်ငြိမ်မှုရရှိစေမည့် အာရုံတစ်ခုတွင် စိတ်တည်ကြည်မှုရရှိစေမည့် နည်းလမ်းများအသုံးပြု၍ စိတ်၏ဖြစ်စဉ်များကိုသိရှိနိုင်အောင် စွမ်းဆောင်နိုင်ပေသည်။ အလားတူ သီလငါးဖြာမြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စိတ်ကိုဆုံးမခြင်းဖြင့်လည်း စိတ်ဖြူစင်မှုရရှိအောင် တည်ဆောက်နိုင်သည်။

စိတ်သွားသလောက် လည်ပတ်မောင်းနှင်နေသည့် ရုပ်ခန္ဓာကြီးသည် ထိခိုက်ပျက်စီး၊ ယိုယွင်းခြင်းသဘောရှိပေသည်။ စိတ်မကျန်းမာမှုကြောင့် ရုပ်အိုရသည်။ စိတ်ဆင်းရဲမှုကြောင့် တန်ဖိုးရှိသည့် အသက်အိုးအိမ် ပျက်စီးရသည်။ စိတ်ညစ်လျှင် ခေါင်းမထောင်နိုင်သည့် သောကရောက်ကြရသည်။ စိတ်ထွက်ပေါက်များ ပိတ်သွားသည်။ သို့ဖြစ်ရာ နေ့စဉ်အမျှ ဝင်ရောက်နှောင့်ယှက်နေသည့် ကိလေသာရန်သူများ၏ တိုက်ခိုက်မှုနည်းပါးအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ လုံခြုံသော ခံစစ်ပြင်ရမည်ဖြစ်သည်။ သီလ၊ သမာဓိ၊ ပညာတည်းဟူသော ခံတပ်ကြီးသုံးသွယ်ဖြင့် စိတ်ဓာတ်မကျဆင်းအောင်၊ မရှုံးနိမ့်အောင် ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည်။ တစ်ရက်ကာကွယ်နိုင်လျှင် တစ်ရက်အောင်မြင်မှုဖြစ်ပေသည်။ စဉ်ဆက်မပြတ်အောင်မြင်အောင်စောင့်ရှောက်နိုင်လျှင် အတိုင်းထက်အလွန် ငြိမ်းချမ်းမှုရရှိစေမည်ဖြစ်သည်။ ငြိမ်းအေးရာအမှန် မြတ်နိဗ္ဗာန်နှင့်လည်း ပိုမိုနီးကပ်လာမည်ဖြစ်သည်။

စိတ်တည်ငြိမ်မှု၊ အေးချမ်းမှုရရှိအောင် တစ်ယောက်တည်းနေ၊ တစ်စိတ်တည်းထားနိုင်အောင် လေ့ကျင့်ရမည်ဖြစ်သည်။ ပုတီးစိပ်ခြင်း၊ ဂုဏ်တော်ပွားခြင်း၊ အာနာပါန အားထုတ်ခြင်း အစရှိသော သက်ဝင်မှုဖြင့် စိတ်တည်ငြိမ်အောင်ကြိုးစားရသည်။ ပုတီးစိပ်လျှင် ပုတီးလုံး သို့မဟုတ်ဂုဏ်တော်တစ်မျိုးတည်း၊ တစ်စိတ်တည်းထားရှိရမည်ဖြစ်သည်။ ပုတီးတစ်ပတ်အတွင်း

> ■ စိတ်သည်အနီးအဝေးမမှု၊ အတွေးအာရုံ ကမ္ဘာကုန် ကျယ်သရွေ့ ဖြန့်ကြက်နိုင်စွမ်းရှိ . . .
>
> ■ စိတ်တည်ငြိမ်မှု၊ အေးချမ်းမှုရရှိအောင် တစ်ယောက်တည်းနေ၊ တစ်စိတ်တည်းထားနိုင်အောင် လေ့ကျင့်ရမည်ဖြစ် . . .
>
> ■ လူတိုင်း အလုပ်ပတ်ဝန်းကျင်နှင့် နေရာဒေသအလိုက် ဆက်ဆံပေါင်းသင်းကြရာတွင် လူအချင်းချင်း စေတနာ အရင်းခံဆောင်ရွက်ပေးခြင်း၊ သည်းခံစိတ်မွေးမြူခြင်း များ ပြုလုပ်သင့် . . .

စိတ်သည် အခြားမသွား၊ ပုတီးလုံး သို့မဟုတ် ဂုဏ်တော်အပေါ်တွင်တည်အောင်ကြိုးစား၍စိတ်တည်ငြိမ်မှု ရယူရမည်ဖြစ် သည်။ ကနဦး စတင်ပြုလုပ်သူများသည် ပုတီးပေါ်ရောက်လိုက်၊ စိတ်အပြင်ထွက်လိုက်နှင့် ရှိနေမည်ဖြစ်သည်။ စိတ်ကို ပြန်လည်စုစည်းယူရမည်ဖြစ်သည်။ ပုတီးလုံး သို့မဟုတ် ဂုဏ်တော်အပေါ် ဆွဲခေါ် ရမည်ဖြစ်သည်။ သို့မှသာ စိတ်သည် ပုတီးလုံး သို့မဟုတ် ဂုဏ်တော်အပေါ်တွင် တည်ရှိလာသည်။ လှုပ်ခတ်နေသောစိတ်ကို ငြိမ်သက်အောင် ထိန်းသိမ်းရန် မလွယ်ကူလှသော်လည်း ကြိုးစားလုပ်ဆောင်ပါက ရရှိနိုင်သည်။ အလေ့အကျင့်ပြုခြင်းသည် အောင်မြင်မှုရရှိရေး လမ်းပြကြယ်ပင်ဖြစ်သည်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ တွေးတောစိတ်ဟူသမျှကို ကိလေသာအာရုံများအဖြစ် သိမြင်နိုင်ရန် အထောက်အကူပြုသည်။ စိတ်ဆင်းရဲမှု၊ စိတ်သောကရောက်မှုဟူသမျှ လျှော့ချပေးနိုင်သည်။

သို့ဖြစ်၍ စိတ်အကြောင်း ထဲထဲဝင်ဝင်ပေါင်းသင်း၍ သိအောင်ကြိုးစားကြရမည်ဖြစ်သည်။ အာရုံဟူသမျှ သိအောင်ကြိုးစားထားသည့် စိတ်အာရုံများမှ လျှော့ချရမည်ဖြစ်သည်။ အိမ်ရှုပ်လျှင် သန့်ရှင်းရေး ပြုလုပ်ရသကဲ့သို့ စိတ်ရှုပ်လျှင်လည်း စိတ်သန့်ရှင်းရေး ပြုလုပ်ကြရမည်ဖြစ်သည်။ စိတ်ရှင်းလျှင် သီလစောင့်ထိန်းမှုကို များစွာအထောက်အကူပြုသည်။ သီလတစ်ပါးချင်းစီ ကျင့်သိပြီး စိတ်လှုပ်ရှားမှုကို ခြေရာကောက်နိုင်လာမည်ဖြစ်သည်။ သီလစင်ကြယ်မှုဖြင့် စိတ်အလင်းတံခါး ဖွင့်လှစ်ကြရမည်ဖြစ်ပါသည်။ သီလလုံ၍ စိတ်ဖြူစင်လျှင် မေတ္တာအတိမ်အနက် အသွားထက်စေသည်။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မခွဲခြားသည့်မေတ္တာကိုဖြစ်စေသည်။ လေးနက်ထိရောက်သော သစ္စာတရားကိုဖြစ်စေသည်။ အရေးကြုံ သက်လုံကောင်းသည့်ပမာ စူးရှထက်မြက်သည့်သစ္စာလက်နက်ဖြင့် အခက်အခဲများမှလွန်မြောက်နိုင်ပေသည်။

လူတိုင်း သီလအကြောင်း ကောင်းစွာသိရှိကြသည်။ စနစ်တကျ ထိန်းသိမ်းအပ်သော ငါးပါးသီလသည် လူ့ကျင့်ဝတ်ကောင်းများသဖွယ်ဖြစ်သည်။ နေ့စဉ်သီလစောင့်ထိန်းခြင်းသည် စိတ်ကိုထိန်းချုပ်ခြင်း မဟုတ်ဘဲ စိတ်သက်သောင့်သက်သာဖြစ်စေရန်၊ စိတ်လှုပ်ရှားမှုနည်းပါးစေရန် ပြုမူခြင်းဖြစ်သည်။ ရေကြောင့်ဖြစ်သော ရွှံ့ညွှန်ပေကျံလျှင် ရေဖြင့် ဆေးကြောသုတ်သင်ရသည်။ စိတ်ကြောင့်ဖြစ်သော စိတ်အညစ်အကြေးများစုပုံလာလျှင် စိတ်ဖြင့် သန့်ရှင်းစင်ကြယ်အောင် ဆေးကြောပြုပြင်ရမည်ဖြစ်သည်။ စိတ်ကိုအလိုလိုက်သမျှ စိတ်ညစ်နေရမည်ဖြစ်သည်။ သီလထိန်း၍ စိတ်ကြည်လင်မှုရအောင် ကြိုးစားသင့်ပေသည်။

စိတ်မညစ်အောင် မည်သို့လုပ်ဆောင်မည်နည်း။ ပထမဦးစွာ စာဖတ်ခြင်းနှင့်စတင်သင့်သည်၊ စာကောင်းပေမွန်ဖတ်ရှု၍ စိတ်ကိုစုစည်းရမည်ဖြစ်သည်။ စာကောင်းလျှင် စိတ်အတွေးပြောင်းလဲသွားနိုင်သည်။ စာပေ၏အရည်အသွေးသည် စာရေးသူ၏ စိတ်ရင်းစေတနာဖြစ်သည်။ စာကောင်းဖတ်ခွင့်ရတိုင်း စာကောင်းရေးသည့် စာရေးဆရာကြီးများကို ကျေးဇူးတင်ရမည်ဖြစ်သည်။ စာကောင်းဖတ်၍ စေတနာ၊ မေတ္တာပါဝင်သော စိတ်ကောင်းမွေးမြူမှု ပြုလုပ်ရမည်ဖြစ်သည်။ အလွယ်တကူ မေတ္တာပို့သခြင်းအစား ကိုယ်နှင့်နှိုင်းစာရှုလိုသော (ဘေးကင်း၊ ရန်ကင်း၊ ကျန်းမာ၊ ချမ်းသာလိုခြင်း)မေတ္တာ စိတ်ထားဖြစ်ပွားရမည်။ စိတ်နှင့် တစ်သားတည်းကျ ပို့သသော မေတ္တာစိတ်သည်သာ မေတ္တာအစွမ်း အံ့မခန်းဖြစ်ပါသည်။

လူတိုင်း အလုပ်ပတ်ဝန်းကျင်နှင့် နေရာဒေသအလိုက် ဆက်ဆံပေါင်းသင်းကြရာတွင် လူအချင်းချင်း စေတနာအရင်းခံဆောင်ရွက်ပေးခြင်း၊ သည်းခံစိတ်မွေးမြူခြင်းများ ပြုလုပ်သင့်ပေသည်။ စိတ်ဓာတ်ခွန်အားနှင့် မာနကြီးသူများက သည်းခံခြင်းကို အရှုံးဟုလက်ခံသည်။ ယင်းကား အရှုံးမဟုတ်။ ကြီးစွာသောအောင်မြင်မှုဖြစ်သည်။ တစ်ကြိမ်သည်းခံနိုင်လျှင် တစ်ကြိမ်အောင်နိုင်မှုဖြစ်သည်။ သည်းခံစိတ်ရှိသူတိုင်း စိတ်ပူလောင်မှု နည်းပါးကြသည်။ ချစ်ခြင်း၊ မုန်းခြင်းကင်းသော သည်းခံစိတ်ဖြစ်လာလျှင် စိတ်အေးချမ်းမှုပိုမိုရရှိနိုင်သည်။ တစ်ယောက်တည်းနေ တစ်စိတ်တည်းထားတတ်လာမည်ဖြစ်သည်။ လက်တွေ့စမ်းသပ် လုပ်ဆောင်ကြည့်ရမည်ဖြစ်သည်။

သို့ဖြစ်၍ တစ်ကိုယ်ရေငြိမ်းချမ်းမှုရရှိလိုသူတိုင်း သောကနည်းပါးအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ စိတ်ပူပန်မှုဟူသမျှ အချိန်ကာလအပိုင်းအခြားတစ်ခုအတွင်း ပြီးဆုံးရလေ့ရှိပေသည်။ လောင်မြိုက်နေသည့် စိတ်ပူလောင်မှုကို အေးချမ်းအောင်ငြိမ်းသတ်ရမည်ဖြစ်သည်။ စိတ်ဒဏ်ရာနှင့် စိတ်ဆင်းရဲမှုကြောင့် ကျန်းမာရေးလာဘ် ဆုံးရှုံးကြရသည်။ လူမှုရေး၊ စီးပွားရေးအခြေအနေများယိုယွင်းကြရသည်။ မနေတတ်၍ စိတ်အလိုမကျဖြစ်ကြရသည်။ အချိန်မီသတိပြုပြင်ဆင်ကြရမည်ဖြစ်သည်။ ရခဲလှသည့် လူ့ဘဝ၏ တန်ဖိုးကိုသိမြင်ပြီး စိတ်မထားတတ်မှုကြောင့်ဖြစ်သော ဆုံးရှုံးမှုများသည် အချိန်နှင့်အမျှ ဖြစ်ပေါ်နိုင်သဖြင့် စိတ်ဒဏ်ရာမရမီ ကြိုတင်ပြင်ဆင်လေ့ကျင့်ထားကြရမည်ဖြစ်သည်။ စိတ်၏သဘာဝကို သိမြင်ခံစားနိုင်စေရေး စိတ်၏အကြောင်းသိအောင်ပေါင်းရမည်ဖြစ်ပါကြောင်း အတွေးအမြင်ဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## လူငယ်နှင့်ဗလငါးတန်ဖွံ့ဖြိုးရေး အသိပညာပေး Talk Show အစီအစဉ်ကျင်းပ

**မြောင်းမြ ဇန်နဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ ဇန်နဝါရီလ ၉ ရက် ညနေပိုင်းတွင် လူငယ်နှင့်ဗလငါးတန်ဖွံ့ဖြိုးရေး အသိပညာပေး Talk Show အစီအစဉ်ကို ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြောင်းမြမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရွှေရည်ဝင်းကျော်က အသိပညာပေး Talk Show အစီအစဉ် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ရူပါအေးနှင့်အတူ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့အစ အိမ်ထောင်စုများက၊ လေထုအရည်အသွေးညွှန်းကိန်း၊ လေထုညစ်ညမ်းခြင်းကြောင့်ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးပြဿနာအမျိုးမျိုး၊ တောမီးလောင်ခြင်းကြောင့်ကင်ဆာရောဂါဖြစ်စေနိုင်ကြောင်း စသည့်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

မြောင်းမြမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည်ပြည်သူများ၊ လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားလာပြီး အသိပညာဗဟုသုတ ကြွယ်ဝလာစေရန် အသိပညာပေး Talk Show များ၊ စာဖတ်ဝိုင်း၊ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲများကို လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဇေယျာ (မြောင်းမြ)

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ (ဆဋ္ဌမအကြိမ်)အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြား





နေပြည်တော် ဇန်နဝါရီ ၁၀

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ (ဆဋ္ဌမအကြိမ်) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ကမ္ဘာ့ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးရေးပန်းတိုင်များရရှိရေးအတွက် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများက ဆောင်ရွက်လျက်ရှိရာ “အပြာရောင်စီးပွားရေး (Blue Economy)” သဘောတရားများ ဖော်ထုတ်ဆောင်ရွက်လာကြသည်ကို တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံ၏ အပြာရောင်စီးပွားရေးဖော်ထုတ်နိုင်မည့် အလားအလာအနေဖြင့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟစနစ်များစုံလင်ပြီး ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုအမျိုးမျိုးကို ထောက်ပံ့ပေးနိုင်ခြင်း၊ ငါး၊ ပုစွန်၊ ကဏန်း စသည့်ရေထွက်ကုန်အမျိုးမျိုးထုတ်လုပ်ရန်ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများနှင့် ရေထွက်သယံဇာတများ မွေးမြူနိုင်ခြင်း၊ ပုလဲမွေးမြူခြင်းနှင့်ထုတ်ယူခြင်းတို့ကိုဆောင်ရွက်နိုင်ခြင်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရေရှည်ထုတ်ယူနိုင်မည့် အလားအလာကောင်းများရှိခြင်း၊ နေ၊ ရေ၊ လေစွမ်းအင် စသည့်ပြန်လည်ပြည့်မြဲစွမ်းအင်များထုတ်လုပ်နိုင်သည့် အခွင့်အလမ်းများရှိခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေလမ်းကြောင်းအတွက် အချက်အချာကျပြီး နိုင်ငံတကာအဆင့်မီဆိပ်ကမ်းများ ဖွံ့ဖြိုးနိုင်ခြေရှိခြင်း၊ သဘာဝအတိုင်းတည်ရှိနေသည့် ကမ်းခြေနှင့် ကျွန်းများတည်ရှိပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးနိုင်ခြင်း၊ ကမ်းရိုးတန်းနေတိုင်းရင်းသားများနှင့် ဒေသခံပြည်သူများ၏ စုံလင်သည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း စသည့်အခွင့်အလမ်းများစွာကို ဖော်ထုတ်အသုံးပြုခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အပြာရောင်စီးပွားရေး၏ အခွင့်အလမ်းများစွာရှိသကဲ့သို့ တစ်ဖက်တွင်လည်း စိန်ခေါ်မှုများကို ထိထိရောက်ရောက်ဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

ရေရှည်တည်တံ့သော ကမ်းရိုးတန်းဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အစိုးရ၊ ပုဂ္ဂလိက၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံး ပူးပေါင်းပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းဒေသထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဗီဒီယိုကို ပြသသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ကော်မတီ၏လုပ်ငန်းဆောင်ရွက်တိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယစစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုအစီအစဉ်များ ဆောင်ရွက်နေမှု၊ ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်၊ အစီအမံများနှင့် အပြာရောင်စီးပွားရေး (Blue Economy)နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

(မြဝတီ)

## ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တွေ့ဆုံ

မြစ်ကြီးနား ဇန်နဝါရီ ၁၀

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမင်းနောင်သည် ဇန်နဝါရီလ ၈ ရက် မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနပြည်နယ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဦးစီးမှူးများ၊ ခရိုင်ဦးစီးမှူးများနှင့် မြို့နယ်ဦးစီးမှူးများက ဘဏ္ဍာနှစ်များအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းများ၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဦးစီးဌာနအလိုက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးထုတ်လုပ်မှုနှင့်မွေးမြူရေးဆိုင်ရာကိန်းဂဏန်းအချက်အလက်များ မှန်ကန်အောင်ဆောင်ရွက်ကြရန်၊ ဝန်ထမ်းများ၏လိုအပ်ချက်၊ အခက်အခဲများတင်ပြနိုင်အောင် ဆန္ဒထုတ်ဖော်ပွဲများပြုလုပ်၍ စီမံခန့်ခွဲဆောင်ရွက်ကြရန်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရပ်များကို လုပ်ဆောင်ပြသရန်၊ မြေပို၊ မြေလွတ်များတွင် စိုက်ပျိုးရေးဆောင်ရွက်ကြရန်မှာကြားပြီး ဝန်ကြီးဌာနအောက်ရှိ ဌာနများအတွက် စားသောက်ဖွယ်ရာများပေးအပ်သည်။




(မြဝတီ)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးက စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များကို ကြည့်ရှုစဉ်။

☆ **ရှေ့ဖုံးမှအဆက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာ ချာလီသန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မိတ္ထီလာခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မိတ္ထီလာခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့်
လိုအပ်ချက်များအား
အသီးသီးဆွေးနွေးတင်ပြ**

ဦးစွာ မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးက ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသတွင်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာယာလှပရေးအပါအဝင်ကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မိတ္ထီလာစက်မှုဇုန်လုပ်ငန်းလည်ပတ်လျက်ရှိမှု၊ (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများချမှတ်ဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က မိတ္ထီလာခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များက လုပ်ငန်းများအလိုက် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ဈေးကွက်ရရှိမှုအခြေအနေများနှင့် ကြုံတွေ့ရလျက်ရှိသည့်အခက်အခဲများ၊ လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားရရှိရေး ဆိုလာစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာတွင် ရရှိလာခဲ့သည့် အကျိုးအမြတ်များနှင့် အရင်းအနှီးလိုအပ်သူများအနေဖြင့်လည်း ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေး နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဆီစက်လုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည်များ ဖြည့်ဆည်းပေးစေလိုမှု၊ ဝါသီးနှံစိုက်ပျိုးရေးနှင့် ဝါကွင်းဆက်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း အောင်မြင်ဖြစ်ထွန်းသည့် ဆိတ်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ ကူညီပံ့ပိုးပေးစေလိုမှုနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို အသီးသီးတင်ပြကြသည်။

**တင်ပြချက်များအပေါ် ကဏ္ဍအလိုက်
ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြား**

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်အသုံးပြုနိုင်ရေး နိုင်ငံတော်မှ လိုအပ်သည်များကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရင်းအနှီးချေးငွေများအား သတ်မှတ်ချက်များနှင့်အညီထုတ်ချေးပေးလျက်ရှိမှု၊ ဝါသီးနှံစိုက်ပျိုးရေးနှင့် ဝါကွင်းဆက်ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဝါသီးနှံမှ ချည်ထည်၊ အထည်အလိပ်ဖြစ်သည်အထိ စနစ်တကျ တွက်ချက်ဆောင်ရွက်၍ ကွင်းဆက်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်ရရှိရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ထုတ်ကုန်ပြပွဲများ၊ နိုင်ငံတော်အဆင့် ထုတ်ကုန်ပြပွဲများ ပြုလုပ်ရောင်းချပေးလျက်ရှိသဖြင့် မိမိတို့လုပ်ငန်းအလိုက် အရည်အသွေးပြည့်မီသည့်ထုတ်ကုန်များ ဝင်ရောက်ပြသနိုင်ရေးဆောင်ရွက်သွားရန်လိုအပ်မှု၊ မန္တလေးတိုင်းဒေသကြီးအတွင်း၌ မိတ္ထီလာခရိုင်သည် ဝါးထုတ်လုပ်မှုအများဆုံးဖြစ်သဖြင့် ဝါးနှင့်ပတ်သက်သည့် ထုတ်ကုန်များကိုလည်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းနှင့်သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးပြန်လည်ဆွေးနွေးပြောကြားကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်
လိုအပ်သည်များ ဆွေးနွေးမှာကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိတ္ထီလာခရိုင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာ၌ မိတ္ထီလာခရိုင်၏ ဒေသဆိုင်ရာအချက်အလက်များပေါ်တွင်အခြေခံ၍ ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သင့်သည်များနှင့် ဆောင်ရွက်နိုင်သည်များ ၂၀၂၄ ခုနှစ်အတွင်း မိတ္ထီလာဒေသသို့ရောက်ရှိစဉ် အကြံပြုတိုက်တွန်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသတွင် နေထိုင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ်တွင် အဓိကမူတည်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်များပေးထားခြင်းသည် အမှန်တကယ်ထွက်ရှိနိုင်မှုအပေါ်တွင် အခြေခံ၍ တွက်ချက်ထားရှိခြင်းပင်ဖြစ်ကြောင်း၊ မျိုး၊ မြေ၊ ရေနှင့် စိုက်နည်းစနစ်များအပေါ်တွင် မူတည်၍ အထွက်နှုန်းများ ကွာခြားခြင်းပင်ဖြစ်သဖြင့် သီးနှံများထွက်ရှိမှု ပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်းအပေါ် သုံးသပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အတွင်း၌ စိုက်ပျိုးမြေ၏ ၁၀ ရာခိုင်နှုန်းကျော်ကိုသာ စိုက်ပျိုးရေပေးဝေနိုင်သည်ဟုသိရကြောင်း၊ အခက်အခဲများရှိမည်ဖြစ်

**❖ စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်များပေးထားခြင်းသည် အမှန်တကယ်ထွက်ရှိနိုင်မှုအပေါ်တွင် အခြေခံ၍ တွက်ချက်ထားရှိခြင်းပင်ဖြစ်၊ မျိုး၊ မြေ၊ ရေနှင့် စိုက်နည်းစနစ်များအပေါ်တွင်မူတည်၍ အထွက်နှုန်းများ ကွာခြားခြင်းပင်ဖြစ်သဖြင့် သီးနှံများထွက်ရှိမှု ပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်းအပေါ် သုံးသပ်ဆောင်ရွက်သွားရမည်ဖြစ်၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းလမ်းလေးသွယ်ရှိပြီး မျိုးများကောင်းမွန်ရန်၊ မြေပြုပြင်ခြင်းနှင့် သွင်းအားစုများ မှန်မှန်ကန်ကန်ထည့်သွင်းရန်၊ စိုက်ပျိုးရေလုံလောက်စွာရရှိရန်နှင့်စိုက်နည်းစနစ်များ မှန်ကန်မှုရှိရန်တို့ပင်ဖြစ် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် အဝတ်အထည်များကို ကြည့်ရှုစဉ်။

သော်လည်း နည်းလမ်းရှာ၍လုပ်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းလမ်းလေးသွယ်ရှိပြီး မျိုးများကောင်းမွန်ရန်၊ မြေပြုပြင်ခြင်းနှင့် သွင်းအားစုများ မှန်မှန်ကန်ကန်ထည့်သွင်းရန်၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရန်နှင့်စိုက်နည်းစနစ်များ မှန်ကန်မှုရှိရန်တို့ပင်ဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးမြေများကောင်းမွန်မှုမရှိသဖြင့် အထွက်နှုန်းနည်းရခြင်းဖြစ်သည်ဟုသိရှိရပြီး လိုအပ်သည့်သွင်းအားစုများကို ပြည့်မီအောင်ထည့်သွင်းခြင်း၊ ပိုက်ဆန်လျှော်စိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာများထည့်သွင်းခြင်းတို့အပါအဝင် နည်းလမ်းများရှာဖွေ၍ မြေဆီမြေလွှာကောင်းမွန်လာအောင်ဆောင်ရွက်ခြင်းတို့ဖြင့် မြေပြုပြင်ခြင်းများဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးလာမှုနှင့်အတူ မွေးမြူရေးလုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသရှိအုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် လုပ်ငန်းများအောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေး အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း။

လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် မိမိတို့အနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ထုတ်ယူသုံးစွဲမှုကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိတ္ထီလာသည် မိုးရွာရက်နည်းသည့်ဒေသဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲမှုကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ဆောင်ရွက်သည့် စီမံကိန်းများရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့လုပ်ငန်း လိုအပ်ချက်များအလိုက် ဆိုလာစီမံကိန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနိုင်မှုနှင့်ပတ်သက်၍ အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုများ၊ အချို့စက်ရုံများအနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံတော်မှဆောင်ရွက်လျက်ရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း တစ်နိုင်တစ်ပိုင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း။

မိတ္ထီလာခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများမှထွက်ရှိသော စိုက်ပျိုးရေးထွက်ကုန်များဖြင့် တိရစ္ဆာန်အစာစပ်စက်ရုံကိုလည်း အောင်မြင်အောင်ဆောင်ရွက်နိုင် စွမ်းအားပြည့်လည်ပတ်နိုင်မှုမရှိခြင်းများ၊ ဓာတ်ငွေ့လိုအပ်ချက် မပြည့်မီမှုများကြောင့် အခက်အခဲများရှိကြောင်း၊ ထို့ပြင် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ကန့်ကွက်မှုများလည်းရှိကြောင်း၊ ထို့ကြောင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်၍ရသည့် ဆိုလာစနစ်ကို မိမိတို့အနေဖြင့် ကြောင်း၊ **ဒေသတွင်း အသားထုတ်လုပ်မှုများကို ယခုထက်တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံအတွင်း အသားထုတ်လုပ်မှု၏ ဗဟိုချက်ဖြစ်လာနိုင်မည်ဖြစ်**ကြောင်း၊ **အသားစို၊ အသားခြောက်၊ အေးခဲအသားနှင့် သားရေတို့ကို နိုင်ငံအနှံ့ အပြားသို့ လျင်မြန်စွာပို့ဆောင်ရောင်းချနိုင်မည့် နိုင်ငံ၏ဗဟိုချက်နေရာတွင် တည်ရှိသဖြင့် အောင်မြင်အောင်ဆောင်ရွက်ကြစေလို**ကြောင်း။

မွေးမြူရေးလုပ်ငန်းများအောင်မြင်ခြင်းဖြင့် သားရေထည်လုပ်ငန်းများကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သားရေဖြင့်ပြုလုပ်သည့် အဝတ်အထည်များ၊ အိတ်များ၊ ဖိနပ်များနှင့် အခြားအသုံးအဆောင်ပစ္စည်းများသည် ဈေးကွက်ဝင်ပစ္စည်းများဖြစ်သဖြင့် မွေးမြူရေးကိုအောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် အခြားဆက်စပ်လုပ်ငန်းများကိုလည်း အောင်မြင်စေနိုင်မည်ဖြစ်ကြောင်း။

ဒေသတွင်းစိုက်ပျိုးရေးသီးနှံတစ်ခုဖြစ်သည့် ကြက်သွန်နီသည် မဖြစ်မနေ နေ့စဉ်အသုံးပြုနေရသည့် မီးဖိုချောင်သုံးသီးနှံတစ်ခုဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အတွင်း ကြက်သွန်နီစိုက်ပျိုးသည်ကို တွေ့ရှိရပြီး အထွက်နှုန်းကောင်းအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သကဲ့သို့ ကြက်သွန်ကိုအခြေခံသည့် တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ငရုတ်စိုက်ပျိုးမှုသည်လည်း ထိုနည်းတူစွာပင်ဖြစ်ကြောင်း၊ ကြက်သွန်နှင့် ငရုတ်တို့သည် ပြည်တွင်း၊ ပြည်ပဈေးကွက်လိုအပ်ချက်ရှိသည့် သီးနှံများဖြစ်သဖြင့် တစ်နှစ်ပတ်လုံးစိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူများစွာ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ သီးနှံအလိုက် ရောင်းချခြင်းအပြင် ငရုတ်၊ ကြက်သွန်ကိုအခြေခံသည့် တန်ဖိုးမြင့်စက်မှုကုန်ထုတ်လုပ်ငန်းများထုတ်လုပ်ခြင်းဖြင့်လည်း ဆောင်ရွက်၍ရနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းဖြစ်ထွန်းသည့် တမာနှင့်ပတ်သက်သည့် စက်မှုထုတ်ကုန်ပစ္စည်းများကိုလည်းဆောင်ရွက်သင့်ကြောင်း၊ တမာပင်မှတစ်ဆင့် တမာပိုးသတ်ဆေးနှင့် တမာမြေဩဇာများကို ထုတ်လုပ်နိုင်သည့်အပြင် အရိပ်ရလေကာပင်များဖြစ်သဖြင့် အကျိုးဖြစ်ထွန်းစေကြောင်း။

မိတ္ထီလာခရိုင်အနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် မိတ္ထီလာခရိုင်အတွင်း ဒေသတွင်းစိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ကို ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ စိမ်းလန်းစိုပြည်ရေးအတွက် အဓိကကျသည့် ရေရရှိရေးတွင် မိုးရေ၊ မြေအောက်ရေ၊ ဆည်ရေ၊ မြစ်ရေ၊ ချောင်းရေဟူ၍ရှိပြီး မိတ္ထီလာဒေသနှင့်ကိုက်ညီသည့် ရေရရှိရေးနည်းလမ်းများကို ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ ဒေသ၌ သာယာလှပမှုနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှု၊ အေးချမ်းစိုပြည်မှုတို့ရှိမည်ဆိုပါက ဒေသတွင်းသို့ လာရောက်လည်ပတ်သူများလည်း များပြားလာမည်ဖြစ်ကြောင်း၊ ဒေသတွင်းသို့ ခရီးသွားအများအပြားလာရောက်ခြင်းသည် ဒေသခံတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်သည်ဖြစ်သဖြင့် မိတ္ထီလာခရိုင်အတွင်း Green Zone Area များကို မဖြစ်မနေ အကောင်အထည်ဖော်သွားရမည်ဖြစ်ပြီး နှစ်ရှည်အရိပ်ရအပင်များကို အပင်သက်တမ်းအလိုက် စဉ်ဆက်မပြတ်သည့် စိုက်ပျိုးခြင်းနည်းဖြင့် စနစ်တကျစိုက်ပျိုးထိန်းသိမ်းသွားကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဝါသီးနှံထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်များနှင့် ဝါသီးနှံထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

**❖ မိတ္ထီလာသည် မိုးရွာရက်နည်းသည့်ဒေသဖြစ်သဖြင့် နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲမှုကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်၊ နိုင်ငံတော်မှ ဆောင်ရွက်သည့် စီမံကိန်းများရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့လုပ်ငန်း လိုအပ်ချက်များအလိုက် ဆိုလာစီမံကိန်းများကို ဆောင်ရွက်နိုင် . . .**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing meets officers, other ranks and families of Meiktila and Mandalay stations of Central Command HQ





Senior General Min Aung Hlaing meets with officers, other ranks and families of the Tatmadaw at the Central Command.

NAY PYI TAW January 10

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing met officers, other ranks and families of Meiktila and Mandalay stations of Central Command HQ at the halls of local unit HQs this morning at separate meetings.

Also present were Daw Kyu Kyu Hla, wife of the Senior General, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from the Office of the Commander-in-Chief and wives, and the Central Command commander.

**The nation's political developments and Tatmadaw's services for the national cause**

In his address, the Senior General elaborated on the political developments of the country, Tamadaw's shouldering of duties throughout the successive periods to protect the Union and national solidarity from disintegration and safeguard sovereignty in ensuring security and perpetuation of sovereignty due to the geographical local of the country, eruption of internal armed conflicts and the endeavours for the perpetuation of the Union, unitedly formed with states and regions where all nationalities had lived in harmony all along the course of history, vote rigging during the 2020 multiparty general election, attempts to grab state power without addressing the vote rigging problem and Tatmadaw's declaration of the state of emergency and assumption of the State responsibilities, the formation of terrorist groups by some EAOs and those under the influence of foreign instigation and their multiple acts to prevent flourishing of security and peace and stability in the country although there were only demonstrations during the early period of Tatmadaw's assumption of State power, utmost restraint Tatmadaw was exercising in restoring the national situation, multiple plots of local and foreign organizations and individuals, who were against national peace, stability and prosperity, to sow seeds of mistrust between Tatmadaw, the main national defence force and people, recognition of the national defence and security duties by the ones, who have accepted the life of a soldier, the government's endeavours for development of political, economic, security sectors and other multiple sectors as only the constant efforts will bring progress for an individual or a country.

Then, the Senior General said since the start of its assumption of State responsibilities, SAC has adopted the roadmap and objectives for national development and its ultimate goal is the holding of a free and fair multiparty general election. It is making necessary preparations including the enumeration of population and housing census, and is making utmost efforts to realize a free, fair and honorable election.

Throughout the successive eras, Tatmadawmen are dutiful in serving the interest of the nation and people with sacrificing spirit amidst the internal and external dangers erupted due to political causes or armed conflicts. History bears witness to the Tatmadaw's services in the interest of the country and people in view of national cause amidst the hostilities originated from internal armed conflicts, broke out when the country regained independence, and sectarian and political beliefs. As the Tatmadaw's recent national duties will go down in the annals of history, it must write a honourable history. He said he acknowledged and honour those who are serving the nation and people by shouldering national defence and security duties, while facing internal and external interferences and dangers. Tatmadawmen must be proud of themselves and be dutiful. They must nurture the habit of learning to know the situation of the area where they are active in. They must have individual-wise and unit-wise military knowledge and awareness and have the wisdom to see and prepare for coming security situation.

The ongoing violence in the country has led to the loss of lives among security forces, civil servants, and civilians, as well as significant damage to infrastructure, including roads, bridges, factories, and buildings constructed for national development.In addition to the state's loss, individuals also experienced social and economic losses. Acts of violence must be defended against by the people, government, and military with a united front. Security responsibilities must be systematically carried out in the areas of service to prevent violence and the use of armed force to intimidate the public. As military personnel, we must also strengthen unity within the military and focus on organizing outside the military to unite the military and the people as one. By building and uniting forces both within and outside the military, we will collaborate to ensure the security, stability, rule of law, and socio-economic development of the region in which we serve.Soldiers must live as individuals who are respected and trusted by the people by properly performing their duties.

Tatmadaw must place special emphasis on Our Three Main National Causes: non-disintegration of the Union, non-disintegration of national solidarity, and perpetuation of sovereignty.A united force must be acted upon, and every military personnel must cultivate a soldierly spirit in defending the country.The ability to effectively apply learned military skills, as well as experienced social knowledge and skills, in real-life situations is essential. **In line with the "study, practice, and follow" policy, we must continually study the ever-changing military skills, consistently practice the techniques and skills we have learned to improve proficiency, and always adhere to the established rules and**

See Page - 19►►

►► From Page - 18

regulations.If applied not only to military matters but also to other activities, the work will be successful.

**It is essential to encourage education and foster good habits of reading and studying literature**

In terms of education, officers, soldiers, and their families must read and study books to acquire knowledge that will contribute to the improvement of their lives.Just as we must read and memorize literature to gain knowledge, we must also encourage our children to pursue education and develop the good habit of reading.We must guide our children to select and read good books, fostering a future generation that is knowledgeable, skilled, and well-mannered.I encourage you to support your children in achieving high academic standards and to strive to be good parents, so you can pass on a valuable educational legacy. With the availability of numerous educational opportunities in the Meiktila region, it is essential for the families of officers and soldiers to support their children's education.

In terms of welfare, we are ensuring a standard of living for our military personnel that includes provisions for food and shelter, while striving to meet their rights and other needs to the best of our ability. Leaders must also create a good environment for officers, soldiers, and their families, ensuring a balanced and fair governance model. Leaders must command and govern with the spirit of a good commander and a father. All officers, other ranks, and family members must live in harmony and unity, while fulfilling the duties assigned by the State and the Tatmadaw.

The Senior General then presented food items to the officers, other ranks, and families, which were received by the Meiktila Station Commander and the Central Command Commander, and the Senior General's wife presented food items to the families of the Station, received by the wife of the Station Commander and Central Command Commander, respectively.

After the meeting, the Senior General and wife and party cordially greeted the officers, other ranks and family.

Then, the Senior General and party inspected the reconstruction of Hseshe Bridge at the back of the Mandalay palace and responsible officials reported to the Senior General on construction tasks. After hearing the reports, the Senior General gave instructions on reconstruction of the bridge in its original design, the need to maintain roads connected to the bridge properly and carry out maintenance tasks for the moat and palace consistently and other necessary measures.

Afterward, the Senior General and party made an inspection tour along the wall of the palace by car.

100

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers speech at the first coordination meeting of Central Committee for Organizing the 78th Anniversary of Union Day 2025

NAY PYI TAW January 10

The Central Committee for Organizing the 78th Anniversary of Union Day 2025 held its first coordination meeting at the meeting hall of the Office of the State Administration Council in Nay Pyi Taw this afternoon, with an address by Chairman of the Central Committee SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win.



SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win delivers a speech at the first coordination meeting of the Central Committee for Organizing the 78th Anniversary of Union Day 2025.

Also present at the meeting were Central Committee member Union ministers, the chairman of the management committee Nay Pyi Taw Council Chairman, NSPNS, chairs of the subcommittee deputy ministers, senior Tatmadaw officers and officials.

In his speech, the Vice-Senior General highlighted that it is the first meeting to hold the 78th Anniversary of Union Day 2025. The Union Day ceremony will be held in accord with five national objectives: to strive for the perpetual development of the Union through the Union spirit, patriotic values, a sublime state of mind and a genuine nationalist spirit; to encourage collaborative efforts among all ethnic nationals to pursue dialogue for durable peace and to end armed conflicts; to collectively advance cooperation amongst all national people, the government, and Tatmadaw to ensure stability and the rule of law; to enhance collaborative efforts to ensure nationwide stability and tranquillity, enabling the successful conduct of multiparty general elections; and to promote balanced development across all regions and states, as well as enhance health, education and job opportunities for ethnic nationals.

The celebration must focus on national unity and peace in line with the Our Three Main National Causes: non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty based on five national objectives of the celebration. Moreover, as a special feature, during the 78th Anniversary of Union Day celebration in 2025, an MSME exhibition and various competitions will be organized.

The Union Day ceremony is a national-level event that is held annually. Due to the experience gained over the years, the relevant committees and subcommittees need to study the experiences of previous ceremonies, identify any shortcomings, weaknesses, and challenges, and work together to coordinate and prevent such issues from arising.

In connection with Union Day celebrations, there will be an exhibition of MSME products from all states and regions, including the Nay Pyi Taw Council Area. The exhibition aims to promote the quality and development of production sectors through competition among products from various regions and states. Moreover, a major MSME product competition will be held, and traditional regional foods will be showcased in a variety of categories at a single venue, providing an opportunity for people to experience them in order to foster growth and improvement in these areas.

The Union Day ceremony is a national-level event, so special attention must be given to health and security, ensuring that everything is thoroughly and precisely checked and conducted. In terms of security, it is necessary to take more stringent measures than previous ceremonies to prevent any negligence. Although the subcommittees are carrying out their tasks, they are reminded to take care and ensure that no mistakes or negligence occur.

Chairman of the Management Committee for Organizing the 78th Anniversary of Union Day ceremony Chairman of Nay Pyi Taw Council U Than Tun Oo reported on formation of committees to successfully hold the ceremony and their operations.

Chairmen and officials from transport and communications subcommittee, security subcommittee, financial subcommittee, information subcommittee, subcommittee on entertainment at dinner, message compilation subcommittee, health subcommittee, cultural troupe ushering subcommittee, reception subcommittee, fireworks launching subcommittee, invitation and accommodation subcommittee, State flay-hoisting subcommittee, ceremony preparation subcommittee, poster erecting subcommittee, auditing subcommittee and dinning subcommittee discussed progress of works and future plans.

Central Committee member Union ministers and other attendees discussed their perspectives on the successful holding of the ceremony in their respective sectors.

The Vice-Senior General coordinated all discussions and fulfilled the needs before giving remarks.

100

■■ From Page - 21

strative authorities and local residents. He urged all stakeholders to continue their collective endeavors to ensure sustainable regional development.

In the agricultural industry, given goals and objectives are calculated based on actual output. There is a difference in the yields depending on the seeds, types of soil, water and planting methods, so it must be considered that the target of crop production is not being met. It is known that only more than 10 percent of the agricultural land in Meiktila District can be supplied with agricultural water. There will be difficulties, but if we find a way to do it, we will succeed. Regarding agriculture, there are four ways to improve varieties: to improve the seeds, to make land preparation and proper inputs, to get enough water for cultivation and to have correct planting methods. It is known that the yield is low due to the lack of good agricultural land in Meiktila District. It is necessary to search for methods including adding to meet the required inputs, planting green manures, adding natural fertilizers and improving the soil. Along with the development of agricultural industries, livestock industries will also improve, and the socio-economic life of the region will also develop. Therefore, local administrative officials need to develop opportunities for the successful implementation of agriculture-based businesses in the region, said the Senior General.

We are encouraging the use of renewable energy for the electricity needs. As Meiktila is a region with few rainy days, it will be possible to successfully extract and use electricity from solar energy. As there are projects carried out by the state, entrepreneurs can also carry out solar projects according to their business needs. Regarding the ability to distribute electricity, there are difficulties due to the destruction of infrastructure caused by terrorists, factory power limitations, and gas shortages. In addition, there are objections to the implementation of hydropower projects implemented by the state. Therefore, weare promoting the solar system that can be implemented as soon as possible, and as the state is doing, the entrepreneurs also need to work together, said the Senior General.

The animal feed factory can also be made successful with the agricultural products produced from agricultural activities in Meiktila District. If the regional meat production is to be improved more than now, it will become the center of meat production in the country. It is because the central location allows for the efficient transport and sale of meat, dried meat, frozen meat, and leather across the entire country, said the Senior General.

By successfully carrying out livestock breeding businesses, leather-related industries can also be implemented successfully. Products made from leather, such as clothing, bags, shoes, and other accessories, are marketable goods. Therefore, ensuring the success of livestock breeding can also lead to the success of other related industries.

Onion, which is a local agricultural crop, is a must-have daily kitchen crop. It was found that onions are cultivated in Meiktila District, and if the yield can be improved, it will be sold locallyas well as being able to export and sell to foreign markets. We will also be able to produce and sell high-value onion-based products. The cultivation of pepper is also the same. Since onion and pepper are local crops that are in demand in the local and foreign markets, if it can be cultivated and sold throughout the year, the local economy will develop and export and sell abroad will help the country's economic development a lot. In addition to the sale of onion and pepper, it can also be done by producing high-value industrial products based on them. Industrial products related to neem trees that grown in the region should also be carried out. Neem trees not only provide shade and wind protection but can also be utilized to produce neem-based pesticides and fertilizers, thereby creating various benefits,said the Senior General.

Meiktila District need to develop manufacturing activities based on agriculture and livestock activities and industries, and to develop a green environment in the Meiktila District. We can get water, which is the main source of water for greening, from rain, underground, dam, river and stream, and we need to find ways to get water that suits the Meiktila area. If the area possesses the beauty and the green environment, peace and tranquility, the number of visitors to the area will increase. Many travellers coming to the area can greatly contribute to the socio-economic development of the local people, so it is mandatory to implement green zone areas in Meiktila District, and encourage the need to properly plant and maintain perennial shade plants according to the age of the plants, urged the Senior General.

After that, the Senior General warmly greeted the departmental staff and MSME entrepreneurs.

After that, the Senior General observed the displays of the local products, food, consumer goods, clothing and cotton products, and inquired about the conditions of market availability, and the businessmen gave explanations according to their business.

100

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win attends honorary dinner for International Conference on Applied Research in Education (2025)

NAY PYI TAW January 10

An honorary dinner for the International Conference on Applied Research in Education (2025) was held at the Myanmar Internatioanl Convention Centre-2 in Nay Pyi Taw this evening and Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win attended the dinner.






The Gala Dinner of the International Conference on Research in Education (2025) is in progress.

Also present were members of the SAC, union ministers, Chairman of Union Civil Service Board, Chairman of Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief of Defence Services, the commander of Nay Pyi Taw Command, deputy ministers, ambassadors to Myanmar from foreign missions, rectors and principals, educations officers from regions and states, professors, scholars, officials from ministries, local and foreign researchers, teachers and students.

First, the Vice-Senior General presented honorary gifts to representatives of organizations that participated in the conference including China Geological Survey, Guangzhou Marine Geological Survey(GMGS), Association of Southeast Asian Teacher Education Network (AsTEN) and Southeast Asian Ministers of Education Organization Technical Education Development(SAMEOTED).

Then, Member of the SAC Deputy Prime Minister and Union Minister for Transport and Communications General Mya Tun Oo presented certificates of honour to a representative of board of patrons, a representative of scholars who scrutinized research papers and a representative of education researchers who submitted papers.

Afterward, Member of the SAC Deputy Prime Minister Union Minister for Defence General Maung Maung Aye presented certificates of honour to a representative of arts and science researchers, a representative of oceanography and earth science researchers and a representative of MSMEs, technology and vocational training researchers.

Afterward, Member of the SAC Union Minister for Home Affairs Lt-Gen Yar Pyae presented certificates of honour to a representative of language resources and technology researchers, a representative of Young Generation Scientists and a representative of the organizing committee.

Then, the Vice-Senior General and attendees enjoyed the dinner.

During the dinner, artists from the Myanmar Radio and Television of the Ministry of Information and Fine Arts Department of the Ministry of Religious Affairs and Culture, students from Yangon University of Education and universities and degree colleges of education and staff from the Ministry of Education entertained the guests with music and dances.

After the dinner, the Vice-Senior General presented an honorary basket of flowers and cash rewards for performers and cordially greeted the attendees. 100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets with district- and township-level departmental officials and MSME entrepreneurs in Meiktila District to discuss matters related to regional development

NAY PYI TAW January 10

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing met with district- and township-level departmental staff and small, medium, and micro-enterprise (MSME) entrepreneurs from Meiktila District, Mandalay Region, this afternoon. The meeting was held at the Kandaw Mingala Hall in Meiktila and focused on discussions regarding regional development and the progress of economic activities.

Also present at the meeting together with the Senior General were Joint Secretary of the Council General Ye Win Oo, Union Ministers General Moe Aung, U Khin Maung Yi, and Dr. Charlie Than, Chief Minister of Mandalay Region U Myo Aung, senior military officers from the Office of the Commander-in-Chief, the Central Command Commander, district- and township-level departmental staff from Meiktila District, and MSME entrepreneurs from within the district.

**Discussion of regional information and needs**

Initially, the Chairman of the Meiktila District Administration Council and District Administrator, U Zaw Tin Moe, presented an overview of regional information. This included updates on social, economic, educational, healthcare, and beautification initiatives, as well as the ongoing development activities in these sectors. He also highlighted the operations of small, medium, and micro-enterprise (MSME) businesses within the district, the functioning of the Meiktila Industrial Zone, and the implementation of plans for the development of MSME businesses. Following this, the Chief Minister of Mandalay Region supplemented the discussion by explaining the efforts being made by the Regional Government to address the needs of Meiktila District for its continued development.

Next, MSME entrepreneurs shared insights on their business operations, market conditions, and challenges they are currently facing. They discussed the need for reliable electricity, particularly the benefits and profitability achieved through the use of solar power systems, and requested government assistance to enable broader adoption of solar energy for businesses. Entrepreneurs from oil mill industries expressed a desire for additional support to achieve greater development. Similarly, representatives from agriculture and livestock sectors emphasized the need for enhanced cultivation of cotton and boosting cotton-related industries and sustainable improvements in livestock farming, particularly goat rearing, which has been a successful venture in the region. They presented these specific needs and challenges to seek support for the overall development of the region.



Chairman of State Administration Council Prime Minister Senior General Min AungHlaing meets with district- and township-level departmental officials and MSME entrepreneurs in Meiktila District.

**Discussions and clarifications based on sector-Specific presentations**

Regarding the presentations, Union Ministers explained that the government is actively providing the necessary support for generating and utilizing electricity through solar systems. They also highlighted that loans required for the development of small, medium, and micro-enterprise (MSME) businesses are being issued in accordance with established guidelines. Meanwhile, efforts are being made to boost cotton cultivation and improve cotton-related industries as guided by the Head of State. For the agricultural and value chain sectors, they emphasized that, under the guidance of national leadership, systematic measures are being implemented to ensure comprehensive development—from crop cultivation to the production of textiles and garments. Additionally, efforts are being made to promote MSME development and market access by organizing product exhibitions at both regional and national levels. Businesses are encouraged to produce high-quality products that meet standards, enabling them to showcase their goods at these exhibitions. It was also noted that Meiktila District is the largest producer of bamboo in Mandalay Region, highlighting the potential for further production of bamboo-related goods. Discussions and clarifications were provided for each relevant sector during the meeting.



Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects local products in Meiktila District.

**Discussion of development needs for the region**

Following these discussions, the Senior General elaborated on the development of Meiktila District and its MSME sector. He emphasized the importance of addressing regional socio-economic needs based on local data and fostering progress in the district's social and economic landscape. Referring to recommendations made during his visit to Meiktila in 2024, he reiterated the measures required for regional development. He also highlighted that the growth of a region depends primarily on the efforts of admini-

See Page - 20 ■■

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲ၊ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင် ဆုပစ္စည်းများနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များတက်ရောက်

**မြစ်ကြီးနား ဇန်နဝါရီ ၁၀**

(၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ ရုံးဝင်းရှေ့ မြက်ခင်းပြင်၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဖတ်ကြားသည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်က ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နေရောင်ခြည်စွမ်းအင်အသုံးပြု အိမ်သုံးဆိုလာ(Panels 120 Watt Solar Home System) အစုံ ၁၅၀ ကို ပြည်နယ်အစိုးရအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ပြည်နယ်အစိုးရအဖွဲ့ဝင်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက MRTV DTH အစုံ ၅၀ နှင့် DVB T2 Set Top Box အလုံး ၅၀ ကို ပြည်နယ်အစိုးရအဖွဲ့သို့လှူဒါန်းရာ ပြည်နယ်လူမှုရေးရာဝန်ကြီးကလည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တပ်နယ်မိသားစုများအတွက် MRTV DTH အစုံ ၃၀ နှင့် DVB T2 Set Top Box အလုံး ၅၀ ကိုလှူဒါန်းရာ ဒုတိယတိုင်းမှူးကလည်းကောင်း လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်ရှိမနောကွင်း၌ (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အပိတ်မနောအကကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စုခြောက် မျိုး၊ ရှမ်းမျိုးနွယ်စုငါးမျိုးနှင့်ဗမာတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ကရင်နှင့် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ၊ ပညာရေးကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းများမှ သင်တန်းသား၊ သင်တန်းသူများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ ကျောင်းသား၊ကျောင်းသူများက မနောအကဦးဆောင်သူ နောင်ရှောင် (Nau Shawng)များ၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုကို ထုတ်ဖော်ပြသသည့်အနေဖြင့် အောင်မြင်ခြင်းအထိမ်းအမှတ် မနောကွင်းအတွင်း တပျော်တပါးစုပေါင်းဆင်နွှဲကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် ကျင်းပခဲ့သည့် ကချင်ပြည်နယ်ကောင်စီညီလာခံကို မြစ်ကြီးနားမြို့ စီတာပူမနောကွင်း၌ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသော သမ္မတ စဝ်ရွှေသိုက် ကိုယ်တိုင်တက်ရောက်၍ ကချင်ပြည်နယ် အစိုးရအဖွဲ့ကိုဖွဲ့စည်းပေးခဲ့ပြီး ၎င်းဇန်နဝါရီလ ၁၀ ရက်ကို ကချင်ပြည်နယ်နေ့အဖြစ် သတ်မှတ်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် (၇၇)နှစ်မြောက်ရှိခဲ့ပြီဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးတို့သည် မြစ်ကြီးနားမြို့ ပြည်နယ်ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပသည့် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးအတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှစွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ထူးဆောင်ဆု၊ ဆုပစ္စည်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်အပ်နှင်းနိုင်ရေးစိစစ်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်းပြီး ဥပဒေနှင့်အညီ စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းပေးအပ်ချီးမြှင့်ရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက စီမံထူးချွန်ဆု (ပထမအဆင့်) ရရှိသူများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက စီးပွားထူးချွန်ဆုနှင့် လူမှုထူးချွန်ဆု (ပထမအဆင့်) ရရှိသူများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က စီမံထူးချွန်ဆု၊ စီးပွားထူးချွန်ဆုနှင့် လူမှုထူးချွန်ဆု(ဒုတိယအဆင့်နှင့်တတိယအဆင့်) ရရှိသူများကိုလည်းကောင်း ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညနေပိုင်းတွင် (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာကို တက်ရောက်လာကြသူများနှင့် အတူတကွ နွေးထွေးပျော်ရွှင်စွာ သုံးဆောင်ကြပြီး ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို အားပေးကြည့်ရှုကြကာ ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

ပြည်နယ်(ပြန်/ဆက်)

# Chung-Ang University (CAU) အငြိမ်းစားဂုဏ်ထူးဆောင် ပါမောက္ခအား ဒုတိယဝန်ကြီးဦးကိုကိုကျော် လက်ခံတွေ့ဆုံ




**နေပြည်တော် ဇန်နဝါရီ ၁၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ကိုရီးယားသမ္မတနိုင်ငံ၊ Chung-Ang University (CAU)၊ နိုင်ငံတကာလေ့လာရေးဘွဲ့လွန်ကျောင်း (GSIS) ကမ္ဘာလုံးဆိုင်ရာ အသက်မွေးဝမ်းကျောင်းလေ့ကျင့်ရေး (FGPT) ဆိုင်ရာ CAU ဖောင်ဒေးရှင်းဥက္ကဋ္ဌ အငြိမ်းစားဂုဏ်ထူးဆောင် ပါမောက္ခ Dr. Taehyun Kim အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးမြှင့်ခိုင်မာရေး၊ ပညာရေးနှင့်သက်ဆိုင်ရာ ကဏ္ဍရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာသင်တန်းများ ပူးပေါင်းဖွင့်လှစ်နိုင်မည့်အခြေအနေအပါအဝင်မြန်မာသံတမန်များအတွက်ဘာသာရပ်ဆိုင်ရာ ရက်တိုသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

# တုရင်တောင်ကြိုးပြင်ကာကွယ်တောသတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင်ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် မန္တလေး တိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦး မြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာ အကျယ်အဝန်း ၁၉၀၅ ဧကရှိသောနယ်မြေ ကို **“တုရင်တောင်ကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၅) အရ ၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက် (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်) မှစ၍ သတ်မှတ်ကြောင်းကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်း ဒေသဖြစ်သော ပုဂံညောင်ဦးဒေသအား အပူချိန် လျော့နည်းကျဆင်းပြီး ပူပြင်း ခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတု သာယာမျှတစေပြီး စိမ်းလန်းစိုပြည်သာယာ လှပစေရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှု လျော့နည်းသက်သာစေရန်၊ မြေဆီလွှာပိုမိုကောင်းမွန်လာစေရန်၊ မြေဆီ လွှာတိုက်စားမှုများတားဆီးကာကွယ်ရန်၊ သဘာဝဘေးအန္တရာယ်များမှ အကာ အကွယ်ပေးနိုင်ရန်၊ ဒေသခံပြည်သူများ၏ လယ်ယာသုံး သစ်၊ ထင်း၊ ဝါး စသည့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထောက်ပံ့ပေးနိုင်ရန်နှင့် အပူပိုင်းသစ်တော များထိန်းသိမ်းရန်ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်း သတ်မှတ်ခြင်းဖြစ်ပါသည်။

တုရင်တောင်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဒေသမျိုးရင်း သစ်မျိုးများဖြစ်သည့် ဖျောက်ဆိပ်၊ ရင်းမာ၊ ထနောင်း၊ ရှား၊ ကျွန်းဖို၊ တမာ၊ ဒဟတ် စသည့်သစ်မျိုးများအား ထိန်းသိမ်း နိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများအတွက် လယ်ယာလုပ်ငန်းသုံး သစ်၊ ထင်း၊ ဝါးနှင့် အခြားအပူပိုင်းဒေသထွက်သစ်တောထွက် ပစ္စည်းများပိုမိုရရှိနိုင်ခြင်း၊ တုရင်တောင် ဘုရားဖူးမြော်ကြည်ညိုရန် လာရောက်သူ များအတွက် အရိပ်နှင့်နားခိုရာနေရာများ တိုးပွားလာစေခြင်း၊ ခါ၊ ချိုး၊ တောကြောင်၊ ယုန် စသည့်တိရစ္ဆာန်များ၏ နေထိုင် ကျက်စားရာဒေသနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရ ဖြစ်ထွန်းမှုတိုက်ဖျက်ရေးအတွက် အထောက် အကူပြုခြင်း၊ မြေဆီလွှာတိုးတက်ကောင်း မွန်လာခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင် ခြင်းနှင့်သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီ ဥတုပိုမိုကောင်းမွန်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**

# တောကြီးတန်းစိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်းသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်နှင့် ဦးသန်းဝင်းတို့ ဦးဆောင်သော ကြည့်ရှု စစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ တောကြီးတန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့ သွား ရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား များကို အိပ်ဆောင်များတွင်တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေ အနေ၊ မိသားစုလာရောက်တွေ့ဆုံနိုင်မှု အခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှုအခြေအနေ၊ ရသင့်ရထိုက် သောအသုံးအဆောင်ပစ္စည်းများ ရရှိမှု အခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက် ပေးမှုအခြေအနေ၊ လုပ်ငန်းခွင်အတွင်း ဘေး အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ထားရှိမှု အခြေအနေ၊ လုပ်ငန်းခွင်အတွင်း တာဝန် ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိ၊ မရှိ အခြေအနေနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ အခြေအနေ စသည်တို့ကိုမေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာတွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသားများကိုလည်း သီးခြားတွေ့ဆုံ မေးမြန်းမှတ်တမ်းတင်ခဲ့သည်။

ထို့ပြင် အကျဉ်းသားများ၏ အိပ်ဆောင် များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်ကန်၊ သုံးရေကန်များ နှင့် အတွင်း၊ အပြင်မိလ္လာများသန့်ရှင်းမှု ရှိ၊ မရှိစသည်တို့ကိုကြည့်ရှုစစ်ဆေးပြီး အကျဉ်း သားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်မှလှူဒါန်းခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ် အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက် များကို သင့်လျော်သကဲ့သို့ဆောင်ရွက်ပေးနိုင် ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင် ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့် အရေးကော်မရှင်ထံမှသိရသည်။

**(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိ အားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့် အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ကချင်ပြည်နယ်တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နှစ်ရက်မှသုံးရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန် တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်း ဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင် သည်။

**ညအပူချိန်**

ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် ဇန်နဝါရီလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက်လျော့နည်းနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်း ပြည်နယ်(မြောက်ပိုင်း)တို့တွင် ဇန်နဝါရီလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်နှင့်အထက်ပိုနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင် ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ဇန်နဝါရီလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ခြောက်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် သုံးရက်မှငါးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက် မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ သောင်ရင်းမြစ် ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင် ပြီး ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်ခန့်စီ၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ ၁ ပေခန့် နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များ အထက် မြင့်တက်လာနိုင်သည်။

**(မိုး/ဇလ)**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ချီးမြှင့်ခဲ့ပြီးဖြစ်သည့်ဂုဏ်ထူးဆောင်ဘွဲ့များကို အဝေးရောက်လက်ခံယူသည့် ကာယကံရှင်များထံသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံချီ စည်သူဦးသန်းထွန်းဦး လက်ရောက်ချီးမြှင့်အပ်နှင်း

**နေပြည်တော် ဇန်နဝါရီ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီရိပျံချီ စည်သူဦးသန်းထွန်းဦးသည် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အတွင်းရှိ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ချီးမြှင့်ခဲ့ပြီးဖြစ်သည့် ဂုဏ်ထူးဆောင်ဘွဲ့များကို အဝေးရောက် လက်ခံယူသည့် ဘွဲ့ခံပုဂ္ဂိုလ်များထံ သွားရောက်ပြီး လက်ရောက်ချီးမြှင့်အပ်နှင်းသည်။

ထိုသို့ပေးအပ်ရာတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် စည်သူဘွဲ့ရရှိသူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ (ငြိမ်း)ဦးသိန်းစိုးနှင့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး(ငြိမ်း) ဦးမြသိမ်းတို့ထံ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန



ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ဇာတိမာန်တေးသီချင်းဖြင့် သီဆိုတင်ဆက်ကြသည်။

ထို့နောက်ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)က "မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)ထံ ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး ဒုတိယဝန်ကြီးက အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရပြည့်စားသောက်ဖွယ်ရာများချီးမြှင့်ပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအိမ်ရာသို့ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ နှင့် အာဟာရပြည့်စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း ၄ ခန်းတွဲ ၆ ထပ် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာတည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နိုင်ရေးလျာထားသတ်မှတ်မှုနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန် တက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၁၀**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဖြေဆိုသူ ၅၀၀၀ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်နိုင်ရေးလျာထားသတ်မှတ်မှုနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ NSSA မှ တာဝန်ရှိသူများ၊ အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုစံသတ်မှတ်ရေးကော်မတီဝင်များ၊ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများမှ တာဝန်ခံများနှင့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေး ကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုလေ့ကျင့်ရေးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကော်မတီဝင်များနှင့် တာဝန်ရှိသူများက Online ဖြင့် တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီးက NSSA ဦးဆောင်မှုဖြင့် ကျွမ်းကျင်မှုအဆင့်အလိုက် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ အလုပ်အကိုင် ၅၃ မျိုးအတွက် စစ်ဆေးအကဲဖြတ်ရေးဌာန ၂၈၂ ခု၊ စစ်ဆေးရေးမှူး ၁၀၂ ဦး၊ စစ်ဆေးအကဲဖြတ်သူ ၈၈၄ ဦးဖြင့် ကျွမ်းကျင်လုပ်သား ၂၈၁၀၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ လုပ်ငန်းကဏ္ဍခြောက်ခုမှ ဖြေဆိုသူ ၂၀၃၃ ဦးကို စစ်ဆေးအကဲဖြတ်နိုင်ခဲ့သဖြင့် ကျန်ကာလအတွင်း လျာထားချက်ပြည့်မီရေး စစ်ဆေးအကဲဖြတ်ရန်လိုကြောင်း၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစံသတ်မှတ်ရေးကော်မတီများနှင့် စစ်ဆေးအကဲဖြတ်ရေးဌာနများအနေဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ထို့နောက်အစည်းအဝေးသို့တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး အတည်ပြုချက်များကို ဆုံးဖြတ်အတည်ပြုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ်ရှိ Myanmar Little Flamingo Co.,Ltd. နှင့် Sujin Co.,Ltd. အထည်ချုပ်စက်ရုံတို့သို့ သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများအားလိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ညအပူချိန် လျော့နည်းခဲ့သော စခန်းများ၏ ၁၀-၁-၂၀၂၅ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | -၁.၀ | ၃၀.၀ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၃.၂ | ၃၇.၈ |
| တီးတိန်မြို့ | ၄.၀ | ၃၉.၂ |
| ညောင်ရွှေမြို့ | ၄.၅ | ၄၀.၁ |
| ပြင်ဦးလွင်မြို့ | ၄.၆ | ၄၀.၃ |
| လွိုင်လင်မြို့ | ၄.၉ | ၄၀.၈ |
| ဟဲဟိုးမြို့ | ၅.၄ | ၄၁.၇ |
| ပင်လောင်းမြို့ | ၆.၀ | ၄၂.၈ |
| မြစ်ကြီးနားမြို့ | ၇.၃ | ၄၅.၁ |
| မိုင်းယန်းမြို့ | ၈.၀ | ၄၆.၄ |

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားစဉ်။



တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာ များနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာ များနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားစဉ်။





ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာ များနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူ တစ်ဦးက ဆေးကုသမှုခံယူ နေသူတစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၀**

ကချင်ပြည်နယ်၊ တနိုင်းမြို့ရှိတပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိတပ်မတော်ဆေးရုံ တို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြိတ်မြို့ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တရုတ်နိုင်ငံ ရေလုပ်ငန်းပညာရှင်များ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၀**

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို) အစီအစဉ်အရ မြိတ်အများပိုင်ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးလှသန်း ဦးဆောင်သော မြိတ်မြို့တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တရုတ်နိုင်ငံ ရေလုပ်ငန်းပညာရှင်များသည် ဇန်နဝါရီလ ၇ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အများပိုင်အစည်းအဝေးခန်းမ၌ ရေလုပ်ငန်းပညာများ ဖွံ့ဖြိုးတိုးတက်ရေး၊ ငါး/ပုစွန် မွေးမြူရေးလုပ်ငန်းများနှင့် ဈေးကွက်ပူးပေါင်းဆောင်ရွက်ရေးတို့ကို တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့နောက်မြိတ်အများပိုင်ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးလှသန်းနှင့်အဖွဲ့သည် တရုတ်နိုင်ငံ ရေလုပ်ငန်းပညာရှင်များအဖွဲ့အား ပုစွန်မွေးမြူရေးလုပ်ငန်းနေရာများ၊ ကျွန်းစုများ တစ်ဝိုက် ရေချို/ရေငန် ငါး၊ ပုစွန်မွေးမြူနိုင်သောနေရာဒေသများနှင့် အစာချက်စက်ရုံနေရာများ၊ ငါးလေလံဈေးကွက် တည်ဆောက်ထားရှိသည့် နေရာများကို လှည့်လည်ပြသခဲ့ကြသည်။

ယင်းနောက် တရုတ်နိုင်ငံ ရေလုပ်ငန်းပညာရှင်များအဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုအား သွားရောက်ဂါရဝပြုတွေ့ဆုံခဲ့ပြီး မြိတ်မြို့ ဒေသဖွံ့ဖြိုးရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကာ မြိတ်အများပိုင်ကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့်အဖွဲ့ တည်ခင်းဧည့်ခံသောညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌသည် မြိတ်ဒေသခံ တရုတ်ဘုံကျောင်းမှ တာဝန်ရှိသူများ၊ စိတ်ဝင်စားသူဒေသခံများနှင့် တွေ့ဆုံ၍ အသင်း၏ရည်ရွယ်ချက်၊ အသင်းခွဲများ ဖွဲ့စည်း၍ မြန်မာ-တရုတ်ချစ်ကြည်ရေး




ဆောင်ရွက်မှုများ၊ ဒေသဖွံ့ဖြိုးရေးအတွက် ရေလုပ်ငန်းဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအပါအဝင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းခွဲ (မြိတ်)ဖွဲ့စည်းနိုင်ရေး ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းခွဲ (မြိတ်) ကို စတင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ Aliance ငွေစုငွေချေးရုံးမှငွေများအား အဆိုပါရုံးမှ ရုံးဝန်ထမ်း ၂ ဦး၊ ညစောင့် ၁ ဦးနှင့် သော့ဖျက်ပေးသူအမျိုးသား ၁ ဦးတို့က ပူးပေါင်းစီစဉ်ရယူခဲ့ကြပြီး ညှော်စာရင်းလာစစ်သည့်အဖွဲ့များမှ တံခါးဖျက်ယူဆောင်သွားခဲ့ခြင်းဖြစ်ကြောင်း လီဆယ်သတင်းပို့ခဲ့သည့်ဖြစ်စဉ်အား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၉)၊ ပွေးတောင်ရပ်ကွက်နေ Aliance ငွေစုငွေချေးရုံးမှ မန်နေဂျာဖြစ်သူ ဦးဇော်ဇော်အောင်သည် ရပ်ကွက်ကြီး(၆)၊ သစ်တောလမ်းနှင့် ချယ်ရီလမ်းထောင့်ရှိ Aliance ငွေစုငွေချေးရုံးသို့ရောက်ရှိစဉ် ရုံးညစောင့်ဖြစ်သူ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၇)၊ သာယာကုန်းကျေးရွာနေ ဦးခင်မောင်ကြည်(၅၉)နှစ်၊ (ဘ)ဦးကြည်၏ ပြောပြချက်အရ ဇန်နဝါရီလ ၈ ရက်နေ့ ည ၁၂ နာရီခွဲတွင် ၎င်းမှ ငွေစုငွေချေးရုံး၌ ညစောင့်တာဝန်ဆောင်ရွက်နေစဉ် အနက်ရောင်ဘောင်းဘီ ရှည်၊ အနက်ရောင်အနွေးထည်အင်္ကျီဝတ်ထားသူ အမည်မသိအမျိုးသား ၂ ဦးက ယာဉ်အမှတ် 1E/ 2737 HONDA FIT အမျိုးအစား အဖြူရောင်မော်တော်ယာဉ်ဖြင့် ရောက်ရှိလာပြီး ညှော်စာရင်းစစ်ဆေးမည်ဟုပြောဆို၍ ရုံးခြံဝင်းအတွင်းသို့ဝင်လာကာ ရုံးပြတင်းပေါက် သံပန်းတံခါးအား သံချောင်းဖြင့်ကန့်လန့်ဖွင့်၍ ရုံးခန်းအတွင်းထားရှိသည့် မြန်မာငွေစက္ကူရောရာ ငွေ(၁၀၀၃၀၂၄၀၀) ကျပ်ထည့်ထားသည့် LECCO တံဆိပ်ပါ မီးခံသေတ္တာ ၁ လုံးနှင့် ရုံးအတွင်းတပ်ဆင်ထားသည့် CCTV ကြိုးများအားဖြတ်တောက်၍ CCTV မှတ်တမ်းအထိုင်စက်တို့အား ယူဆောင်သွားခဲ့ကြောင်း သိရှိရသဖြင့် ပြင်ဦးလွင်မြို့မ ရဲစခန်းသို့ လာရောက်သတင်းပို့တိုင်တန်းခဲ့ရာ ကျူးလွန်သူတရားခံများအား ဖမ်းဆီး

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ Aliance ငွေစုငွေချေးရုံးမှ ငွေများအား ညအချိန်ပုန်းလျှိုးကျော်နင်းဝင်ရောက်ယူဆောင်သွားသည့် ရုံးဝန်ထမ်း ၃ ဦးနှင့် ပူးပေါင်းပါဝင်သူ အမျိုးသား ၁ ဦး တို့အား သက်သေခံပစ္စည်းများ၊ ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် မော်တော်ယာဉ်တစ်စီးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။



(ဝဲမှယာ) တရားခံ ခင်မောင်ကြည်၊ ဆန်းအေး(ခ)ကာဒရ်ဘိုင်၊ ငြိမ်းချမ်းဖြိုး(ခ) အိုက်ပီး၊ အောင်ကိုကို။

ရမိနိုင်ရေး ပြင်ဦးလွင်မြို့မရဲစခန်း(ပ) ၉/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၄၅၇/၁၁၅ ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားစဉ်ညစောင့်တာဝန်ဆောင်ရွက်နေသည့် Aliance ငွေစုငွေချေးရုံးမှ ညစောင့်ဖြစ်သူ ဦးခင်မောင်ကြည်အား စစ်ဆေးခဲ့ရာ ဇန်နဝါရီလ ၈ ရက်နေ့ ည ၉ နာရီခွဲတွင် Aliance ငွေစုငွေချေးရုံးရှေ့သို့ အဆိုပါငွေစုငွေချေးရုံးမှ ကြီးကြပ်ရေးမှူးဖြစ်သူ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၉)၊ ငါးရံ့ချောင်းကျေးရွာနေ အောင်ကိုကို(၃၃)နှစ် (ဘ)ဦးဌေးဝင်းနှင့် ချေးငွေတာဝန်ခံဖြစ်သူ ရပ်ကွက်ကြီး(၂၁)နေ ငြိမ်းချမ်းဖြိုး(ခ)အိုက်ပီး(၂၈)နှစ် (ဘ) ဦးညွန့်ဖေတို့နှစ်ဦးက မော်တော်ယာဉ်တစ်စီးဖြင့် ရောက်ရှိလာပြီး ရုံးခန်းအတွင်းရှိ မီးခံသေတ္တာအား ခိုးယူမည်ဖြစ်ကြောင်း၊ အောင်မြင်ပါက ငွေကျပ်သိန်း ၁၅၀ ပေးမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများမေးမြန်းပါက ညှော်စာရင်းလာရောက်စစ်ဆေးသည့်အဖွဲ့များက ခြိမ်းခြောက်ယူဆောင်သွားခဲ့သည်ဟု လီဆယ်ထွက်ဆိုပေးရမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးကာ ယုတ္တိရှိစေရန် ၎င်းအား လက်နှင့်ခြေထောက်တို့တွင် တိပ်အပြာဖြင့် ပတ်ထားခဲ့ပြီး ရုံးအတွင်းရှိ မီးခံသေတ္တာ ၁ လုံးနှင့် CCTV အထိုင်စက်တို့အား ယူဆောင်သွားခဲ့ကြခြင်းဖြစ်ကြောင်း၊ ညစောင့်ဖြစ်သူ ဦးခင်မောင်ကြည်အနေဖြင့် လုပ်ငန်းအောင်မြင်ပါက ၎င်းအား ငွေကျပ်သိန်း ၁၅၀ ပေးမည်ဟု အောင်ကိုကိုတို့ ၂ ဦးက မက်လုံးပေးစည်းရုံးထားသဖြင့် မန်နေဂျာဖြစ်သူ ဦးဇော်ဇော်အောင်ထံ ဖြစ်စဉ်ကို အမှန်အတိုင်းတင်ပြခြင်းမရှိဘဲ ၎င်းကိုယ်တိုင် ပါဝင်ပူးပေါင်းကျူးလွန်၍ ဖြစ်စဉ်အမှန်အားဖုံးကွယ်ကာ လုံခြုံရေးအဖွဲ့အစည်းများအပေါ် အများပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန် လီဆယ်ထိမ်ချန်ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံဖြစ်သူ ခင်မောင်ကြည်၏ ထွက်ဆိုချက်အရ ကျန်တရားခံများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေအတွင်း ပိတ်ဆို့စစ်ဆေးရှာဖွေခဲ့ရာ ဇန်နဝါရီလ ၉ ရက်နေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြင်ဦးလွင်မြို့၊ စံပယ်လမ်းနှင့် နဝရတ်လမ်းထောင့်၌ အဆိုပါငွေစုငွေချေးရုံးမှ ကြီးကြပ်ရေးမှူးဖြစ်သူ အောင်ကိုကို၊ ငွေချေးတာဝန်ခံဖြစ်သူ ငြိမ်းချမ်းဖြိုး(ခ) အိုက်ပီးနှင့် မီးခံသေတ္တာအတွင်းမှ ငွေများထုတ်ယူရရှိနိုင်ရေး သော့တုဖြင့်ဖွင့်လှစ်ပေးသူ ရပ်ကွက်ကြီး(၇)နေ ဆန်းအေး(ခ) ကာဒရ်ဘိုင်(၅၂)နှစ် (ဘ)ဦးမူဆာတို့ ၃ ဦးအား ငွေ(၉၉၇၀၂၄၀၀)ကျပ်၊ LECCO တံဆိပ်ပါ မီးခံသေတ္တာ ၁ လုံး၊ ရုံးသုံး လပ်တော့ ၂ လုံး၊ ရုံးသုံးကြိုးဖုန်း ၁ လုံး၊ ရုံးသုံး CCTV ၃ လုံး၊ အစိမ်းရောင်တိပ်ခွေ ၁ ခု၊ ကတ်ကြေး ၁ လက်၊ ရုံးသုံး Tablet ၁ လုံး၊ ကျောပိုးအိတ် ၂ လုံးနှင့်ပြစ်မှုကျူးလွန်စဉ် အသုံးပြုမောင်းနှင်ခဲ့သည့် ယာဉ်အမှတ် 1E/2737 HONDA FIT အမျိုးအစား အဖြူရောင်မော်တော်ယာဉ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် Aliance ငွေစုငွေချေးရုံးမှ တရားခံ အောင်ကိုကို၊ ငြိမ်းချမ်းဖြိုး(ခ) အိုက်ပီးနှင့် ခင်မောင်ကြည်တို့ ၃ ဦးသည် ငွေစုငွေချေးရုံးမှ ငွေများအား ညအချိန်ပုန်းလျှိုးကျော်နင်းဝင်ရောက်ယူဆောင်ရာတွင် ၎င်းတို့ကျူးလွန်သည့် ပြစ်မှုအား ဖုံးကွယ်၍ ရပ်ရွာလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးအဖွဲ့အစည်းများအပေါ် ထင်ယောင်ထင်မှားဖြစ်၍ ယုံကြည်မှုကျဆင်းစေရန်နှင့် အများပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် လီဆယ်ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် တရားခံ အောင်ကိုကိုပါ ၃ ဦးနှင့် ပူးပေါင်းကျူးလွန်သူ တရားခံ ဆန်းအေး(ခ)ကာဒရ်ဘိုင်တို့ ၄ ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ကျောက်နီမော်ကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်အများအပြားမီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ကျောက်နီမော်ကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်အများအပြားမီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကြမ်းဖက်သမားများက မြို့ရွာများအတွင်းဝင်ရောက်၍ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြို့ရွာများအတွင်း အကြမ်းဖက်သမားများ ဝင်ရောက်မလာစေရန် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် အကြမ်းဖက်သမားများက Drone များကိုအသုံးပြု၍ မီးလောင်ဗုံးများဖြင့် တိုက်ခိုက်ရာမှ လူနေအိမ်အဆောက်အဦများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ပေးရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်မှန်ကန်မှုမရှိသည့် သတင်းမှားများဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော Myanmar – Belarus Business Forum သို့ တက်ရောက်အားပေး




ရန်ကုန် ဇန်နဝါရီ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစောသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည့် Myanmar – Belarus Business Forum သို့ တက်ရောက်အားပေးသည်။

အဆိုပါဖိုရမ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Maxim RYZHENKOV၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစောက နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးအပြန်အလှန်ထူထောင်၍ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် အထူးစီးပွားရေးဇုန်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် နှစ်နိုင်ငံအစိုးရများအနေဖြင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးက ယခုခရီးစဉ်တွင် ဘယ်လာရုစ်စီးပွားရေးလုပ်ငန်းရှင်များလည်း အတူလိုက်ပါလာကြကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိသည်ကို တွေ့ရှိရကြောင်း၊ ယခုတွေ့ဆုံပွဲမှတစ်ဆင့် မြန်မာနိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်မှုရယူ၍ မကြာမီကာလအတွင်း လုပ်ငန်းများ စတင်နိုင်မည်ဟု ယုံကြည်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံအကြား မြန်မာ့ထွက်ကုန်များမှ Export ဆောင်ရွက်မည့်ကိစ္စရပ်များ၊ စီးပွားရေးအခွင့်အလမ်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံတာဝန်ရှိသူများက ဓာတ်မြေဩဇာကဏ္ဍ၊ ကားထုတ်လုပ်ရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်ရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးဆိုင်ရာကဏ္ဍ၊ ရေထွက်ပစ္စည်းထုတ်ကုန်ဆိုင်ရာကဏ္ဍစသည်ဖြင့် ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ဖိုရမ်အပြီးတွင် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ပေးအပ်ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)က တည်ခင်းဧည့်ခံသည့်နေ့လယ်စာစားပွဲသို့တက်ရောက်၍ စီးပွားရေးချိတ်ဆက်ဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။

ယနေ့ကျင်းပသည့် Myanmar – Belarus Business Forum တွင် ဓာတ်မြေဩဇာလုပ်ငန်း၊ နို့နှင့်နို့ထွက်ပစ္စည်း၊ ကျန်းမာရေးဝန်ဆောင်မှု၊ ဆေးဝါးထုတ်ကုန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန်ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့် စားသောက်ကုန်ဆိုင်ရာကဏ္ဍများကို အဓိကဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

# "အာဆီယံအတွင်း မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် စွမ်းရည်မြှင့်တင်ရေး" ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပပြီးစီး




နေပြည်တော် ဇန်နဝါရီ ၁၀

**"အာဆီယံအတွင်း မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် စွမ်းရည်မြှင့်တင်ရေး"** ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့ ဆွေးနွေးပွဲတွင် အာဆီယံမဏ္ဍိုင်(၃)ရပ်ကို အဓိကတာဝန်ယူထားကြသည့် တာဝန်ရှိသူများ၊ အာဆီယံဆိုင်ရာကဏ္ဍအသီးသီးကို တာဝန်ယူထားသည့် ဘာသာရပ်ကျွမ်းကျင်သူ အရာရှိများက ပထမနေ့တွင်ဆွေးနွေးခဲ့သည့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းအောက်ရှိဆွေးနွေးအကြံပြုတင်ပြချက်များနှင့် ရလဒ်များအပေါ်အခြေခံ၍ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းအောက်ရှိ လုပ်ငန်းပိုင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ သက်ဆိုင်ရာကဏ္ဍအလိုက်ဦးစားပေးလုပ်ငန်းများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် နည်းလမ်းများဖော်ထုတ်၍ အာဆီယံယန္တရားများနှင့် အချိတ်အဆက်မိမိဆောင်ရွက်နိုင်မည့်နည်းလမ်းများ ဖော်ထုတ်နိုင်ရေး ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေကအာဆီယံအတွင်း မဏ္ဍိုင် (၃) ရပ်အောက်ရှိ ကဏ္ဍပေါင်းစုံလွှမ်းခြုံသော မဟာဗျူဟာမြောက် နိုင်ငံတော်အဆင့်လုပ်ငန်းစဉ်မူကြမ်းတစ်ရပ် ပေါ်ထွက်လာနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများက ဆက်လက်ပေါင်းစပ်ညှိနှိုင်းသွားကြရန်နှင့် တူညီသောပန်းတိုင်သို့ ရောက်အောင် စုပေါင်းအင်အားဖြင့် အစွမ်းကုန်ချီတက်နိုင်ရန် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ပိတ်သိမ်းလိုက်သည်။

နှစ်ရက်တာကျင်းပခဲ့သည့် ဆွေးနွေးပွဲမှတစ်ဆင့် အာဆီယံမဏ္ဍိုင်(၃)ရပ်အောက်ရှိ ဝန်ကြီးဌာနများအကြား ကွန်ရက်တစ်ခုပေါ်ထွက်လာနိုင်ကြောင်း၊ ဆွေးနွေးပွဲရလဒ်များကိုအခြေခံကာ နိုင်ငံတော်အဆင့်လုပ်ငန်းစဉ်များကို ဆက်လက်ညှိနှိုင်းရေးဆွဲသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ကို ဖော်ဆောင်ရာ၌ အာဆီယံမဏ္ဍိုင်အသီးသီး၏ ဗျူဟာမြောက်လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံက အပြုသဘောပူးပေါင်းပါဝင်ကာ မိမိတို့နိုင်ငံအကျိုးကို ဒေသအကျိုးစီးပွားနှင့် ချိတ်ဆက်ဖော်ဆောင်နိုင်မည့်နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အိန္ဒိယ – မြန်မာ စီးပွားရေးဆွေးနွေးပွဲကျင်းပ




နေပြည်တော် ဇန်နဝါရီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် အိန္ဒိယ–မြန်မာကုန်သည်ကြီးများအသင်း (IMCC) တို့ပူးပေါင်းကျင်းပသည့် အိန္ဒိယ–မြန်မာစီးပွားရေးဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ရှိ Pan Pacific ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ယခုဆွေးနွေးပွဲသည် နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်နိုင်ရန်နှင့်မိတ်ဖက်ဆက်ဆံရေးကို ပိုမိုတိုးတက်လာစေရန်၊ ဈေးကွက်အသစ်နှင့် အခွင့်အလမ်းအသစ်များကို ဖော်ဆောင်ပေးနိုင်သည့် ဆွေးနွေးပွဲဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ကဏ္ဍမျိုးစုံတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုလျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်ရန်အတွက် ကျပ်–ရူပီး တိုက်ရိုက်ငွေပေးချေမှုစနစ်ကို ဆောင်ရွက်နေပြီဖြစ်သကဲ့သို့ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများကို လုပ်ဆောင်ပေးလျက်ရှိရာ နှစ်နိုင်ငံလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းကောင်းများနှင့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur၊ UMFCCI နှင့် IMCC တို့မှ တာဝန်ရှိသူများနှင့် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များတက်ရောက်ကြပြီး ဆွေးနွေးပွဲ၌ ကုန်သွယ်မှုတွင် လက်ရှိကြုံတွေ့နေရသည့် ကွန်တိန်နာအခက်အခဲနှင့်သယ်ယူပို့ဆောင်မှုကိစ္စ၊ ပို့ကုန်သွင်းကုန်လိုင်စင်ဆိုင်ရာကိစ္စရပ်များ၊ ဆေးဝါးနှင့်အလှကုန်တင်သွင်းမှုအတွက် FDA မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ၊ လယ်ယာထွက်ကုန်များ တင်ပို့ရာတွင် Phyto Certificate လျှောက်ထားမှုနှင့် လယ်ယာထွက်ကုန်အရည်အသွေးဆိုင်ရာကိစ္စရပ်များ၊ ကျပ်–ရူပီး အသုံးပြုမှုလုပ်ငန်းစဉ်နှင့် ပို့ကုန်ရငွေ (Export Earning) ကိုင်ဆောင်အသုံးပြုခွင့်ကာလကိစ္စရပ်များကို မေးမြန်းဆွေးနွေးကြရာ ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာနကြီးမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီထွန်းတို့က ရှင်းလင်းဆွေးနွေးဖြေကြားကြသည်။

ထို့နောက်ဒုတိယဝန်ကြီး ဦးမင်းမင်းသည် အလုပ်သဘောနေ့လယ်စာစားပွဲသို့တက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



ဈေးကောင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
Myanmar MOBILE MONEY
အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဈေးကောင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်းနှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။





မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဇန်နဝါရီ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၈ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁၆)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂၃) မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၉၆၉၂၄၆၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၈ ရက်**တွင် ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌မန္တလေးမြို့မှဟဲဟိုးမြို့သို့သွားရောက်မည့် မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၈၁၂၁၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head (၁)စီး၊ Hino Profia Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၀၀၀၀၀၀) ကိုလည်းကောင်း၊ကျောက်ဆည်မြို့ မြို့ရှောင် လမ်းအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၂၈၀၆၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀၀၀)ကိုလည်းကောင်း၊ **ဇန်နဝါရီလ ၉ ရက်**တွင် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် (၁) စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၃၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Van (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀)ကိုလည်းကောင်း၊ မန္တလေးဘူတာကြီး၌ ရန်ကုန်-မန္တလေးအဆန်ရထား၊ ပါဆယ် (၁) ရထားတွဲပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၅၀၀၄၀၀၀)ကိုလည်းကောင်း၊**စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၃၀၃၅၇၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇန်နဝါရီလ ၉ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောင်လံမြို့ မြို့အဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda CRV မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)နှင့် မကွေးမြို့နယ်၊ ချောက်မြို့နယ်၊ မင်းလှမြို့နယ်နှင့် သရက်မြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၄)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ချောက်မြို့၊ အမှတ်(၅) ရွှေသူဌေးကုန်းရပ်ကွက်၌ တရားမဝင်ရေနံစိမ်း (၄၀၈)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၈၀၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၇၈၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့၊ အမှတ် (၆)ရပ်ကွက်၊ ဟုတ်စိန်ကွေ့မီးပွိုင့်အနီး၌ လိုင်စင်မဲ့ Nissan X-Trail မော်တော်ယာဉ်(၁)စီးနှင့် Honda CRV မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီဒီဇယ်ဆီ (၁၅)ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမည မှရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် မီးသွေး (၄၀ ဒသမ ၃၂၀)တန်၊ ကျွန်းသစ် (၂ ဒသမ ၀၃၆)တန်၊ အခြားသစ် (၂ ဒသမ ၀၃၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၅၂၃၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၂၅၅၃၆)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်၊ အလုံမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၃)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၌ တရားမဝင် အခြားသစ် (၆ ဒသမ ၆၂၃)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၅၉၉၅)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ သာမည မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၆)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၃) မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၇၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရဲသာယာယီယာဉ် စစ်ကွင်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၇၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီလ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၃၆၇၇၃၉၅)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီလ ၈ ရက် နံနက် ၁ နာရီတွင် သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအုပ်စု၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီး-ရန်ကုန် HIGER အမျိုးအစား ခရီးသည်တင်မှန်လုံယာဉ်ကို သတင်းအရ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် လှိုင်မြို့နယ်၊ (၁)ရပ်ကွက်ရှိ မဥမ္မာမြင့်စိုး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ဇန်နဝါရီလ ၉ ရက် မွန်းလွဲ ၁၁ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့၊ ဥတ္တံတားရပ်ကွက်ရှိ နေရဲလင်း၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁၂ နာရီတွင် ရပ်စောက်မြို့၊ ဇော်ဂျီရပ်ကွက်တွင် ကျော်ကျော်လတ်(ခ)ဖင်လန်အား စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**(သတင်းစဉ်)**

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၁-၂၀၂၅(စနေနေ့)

၁။ ၀၆:၀၂ နိုင်ငံတော်သီချင်း

၂။ ၀၆:၀၃ တရားတော်

၃။ ၀၇:၁၀ ဓမ္မပူဇာတေး

၄။ ၀၈:၀၅ မျိုးချစ်တပ်မတော်

၅။ ၀၉:၃၀ အမှတ်တရနေ့ရက်များ

၆။ ၁၄:၀၀ ကျန်းမာသုတ

၇။ ၁၅:၀၀ ခရီးလည်းသွား စကားလည်းဆို

၈။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း**

**လွမ်းလို့ကျန်ရစ်ခဲ့မှာကို**

**အားနာပါတယ်လေ**

**(ဇာတ်သိမ်းပိုင်း)**

**သရုပ်ဆောင်**

**ရဲအောင်၊ မို့မို့မြင့်အောင်**

**ဒါရိုက်တာ**

**အောင်မြင့်မြတ်**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အသိအမှတ်ပြုကင်ဆာရောဂါကုသဆေးနှင့် ပဋိဇီဝဆေးများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | – | Tender.23.Oncology Medicine and Antibiotics(2024–2025) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | – | ၁၁-၁-၂၀၂၅ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | – | ၂၄-၁-၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

# ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)၊ မြဝတီစာပေတိုက်၊ မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့အတွက် လိုအပ်သော ပုံနှိပ်စက်သုံးကုန်ကြမ်းပစ္စည်းများ၊ ထုပ်ပိုးခွဲနှင့် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် ပုံနှိပ်ကုန်ကြမ်းပစ္စည်းများအတွက် ချိပ်ပိတ်တင်ဒါစနစ်ဖြင့် တင်ဒါပုံစံဖြည့်စွက်ပြီး ၁၇-၁-၂၀၂၅ ရက် နောက်ဆုံးထားတင်သွင်းနိုင်ပါသည်။ ထိုသို့ တင်သွင်းရာတွင် တင်သွင်းသူများအနေဖြင့် တောင်းခံလွှာ တစ်ခုချင်းစီ၏ Lot အလိုက် ပစ္စည်းများအားလုံး တင်ဒါတင်သွင်းရမည်ဖြစ်ကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက သက်ဆိုင်ရာတပ်သို့လည်းကောင်း၊ ဖုန်းနံပါတ်၊ ၀၃၂-၂၀၂၆၉၊ ၀၃၁-၇၄၀၂၀၊ ၀၃၁-၇၄၀၀၆၊ ၀၃၃-၇၂၇၈၁၊ ၀၃၆-၃၀၅၂၆ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပျောက်ဆုံးကြောင်း**
ဝေလွင်ကျော်(ဘ)ဦးလှမြင့် ၇/ပမန(နိုင်)၁၃၇၁၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 892281)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၀၀၅၉၇၉၇

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**ပျောက်ဆုံးကြောင်း**
သီဟမိုးအောင်(ဘ)တင်မိုးအောင် ၁၂/ဒဂန(နိုင်)၀၃၅၀၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 461258)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၂၀၇၂၀

**ပျောက်ဆုံးကြောင်း**
ပြည့်စုံထွန်း(ဘ)ဦးသောင်းရွှေ ၈/ပခက(နိုင်)၂၉၁၈၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 877632)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၂၂၈၀၂၉

**ပျောက်ဆုံးကြောင်း**
မင်းမင်းထွန်း(ဘ)ဦးဘိုကြီး ၇/ညလပ(နိုင်)၂၀၁၂၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 724224)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၃၀၅၉၆၆

**အမည်ပြောင်း**
ပဲခူးမြို့၊ ရွှေဟင်္သာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-1 မှ (ဘ)ဦးစောအောင်မျိုးဦး၏သား စောဂျေရှန်းအား စောဂျေရှမ်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
စောဂျေရှမ်း

**ပျောက်ဆုံးကြောင်း**
ချိုချိုလတ်(ဘ)ဦးပွါး ၁၂/မဘန(နိုင်)၁၁၂၃၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အေးစန္ဒာဝင်း(ဘ)ဦးရဲထွန်း ၇/ကကန(နိုင်)၀၉၀၃၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မြသီတာလှိုင်(ဘ)ဦးတင်လှိုင် ၁၂/လသယ(နိုင်)၀၃၃၄၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MO 60194)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ရွှန်းလဲ့ဝေ(ဘ)ဦးခင်မောင်တင့် ၅/စကန(နိုင်)၁၉၅၄၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
လွင်ဦး(ဘ)ဦးတင်ဦး ၁၂/သခန(နိုင်)၁၀၈၉၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
တင်အောင်ကျော်(ဘ)ဦးကျော်ဖုန်း ၁၂/မရက(နိုင်)၁၀၉၈၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အောင်သက်ပိုင်စိုး(ဘ)ဦးသန်းစိုး ၁၂/အစန(နိုင်)၂၁၅၈၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၃၄၆၃၈၀၈

**ပျောက်ဆုံးကြောင်း**
နန်းရွှေရည်ဝိုင်း(ဘ)ဦးသန်းမြင့် ၇/ရတန(နိုင်)၁၄၅၀၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အေးချမ်းမြင့်(ဘ)ဦးစိုးမြင့် ၁၄/ဝခမ(နိုင်)၂၂၉၁၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇော်နိုင်လင်း(ဘ)ဦးကျော်ဝင်း ၅/အရတ(နိုင်)၁၅၃၈၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 506933)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၂၄၂၆၉၅၄

**ပျောက်ဆုံးကြောင်း**
မန်းဇကျိန်(ခ)စန်းစန်းဦး(ဘ)ဟောက်ဇမာန် ၄/တတန(နိုင်)၀၀၁၁၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၈၉၂၀၅၁၁၁

**ပျောက်ဆုံးကြောင်း**
နော်မေကော့(ဘ)ဦးစောဂျွန်ဒွေး ၁/ဗမန(နိုင်)၀၈၆၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဥမ္မာလင်း(ဘ)ဦးဇော်ဝင်း ၉/ဥတသ(နိုင်)၀၁၂၆၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 872984)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၈၈၈၇၉၄၂

**ပျောက်ဆုံးကြောင်း**
ဦးခင်ရှိန်(ဘ)ဦးလှမောင် ၁၂/မဂတ(နိုင်)၀၃၈၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## တစ်ဦးတည်းဖြစ်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ (ဘ)ဦးသောင်းကြွယ်၏သား မောင်သန်းထွန်းနိုင်(ခ) မောင်ပြည့်စုံကြွယ် ၁၂/အစန(နိုင်)၂၁၈၈၅၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မောင်သန်းထွန်းနိုင်(ခ)**
**မောင်ပြည့်စုံကြွယ်**

**ပျောက်ဆုံးကြောင်း**
ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ ဥမ္မာကျော်(ဘ)ဦးကျော်ညွန့် ၁၄/ဟသတ(နိုင်)၂၉၇၀၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 355882)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၇၈၈၆၇၈၉

**ပျောက်ဆုံးကြောင်း**
တာမိုးညဲမြို့၊ ဗန်နွဲ့အုပ်စု၊ မြေဆိုင်ပါရွာနေ မလယ်မယ်ကားမီး(ဘ)ဦးလယ်မယ်လေး ၁၃/ကခန(နိုင်)၁၅၇၃၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 412257)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၄၃၈၁၈၁၅

**ပျောက်ဆုံးကြောင်း**
ဒေါ်လှလှသိန်း(ဘ)ဦးကျင်ဂွမ် ၆/ထဝန(နိုင်)၀၂၉၆၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မခင်ဆွေမြင့်(ဘ)ဦးဖိုးထွား ၅/ကလထ(နိုင်)၂၄၄၉၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ခင်မောင်(ဘ)ဦးလပြည့်အောင် ၁၁/မပတ(နိုင်)၀၂၈၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ဒဿနိကဗေဒ(အထူးပြု)၂၀၂၄ ၄ဒ-၅(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသောမကိလေလနှင့်မကိလေလှ ၁၃/မခန(နိုင်)၀၂၈၂၂၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မကိလေလ(ခ)မကိလေလှ**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ ပထဝီဝင်(အထူးပြု)၂၀၂၄ ၄ပ-၁၁၄(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော နန်းအီနောင့်နှင့် အီနောင့် ၁၃/မဆန(နိုင်)၀၂၈၂၄၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**နန်းအီနောင့်(ခ)အီနောင့်**

**ပျောက်ဆုံးကြောင်း**
အောင်ဇော်မိုး(ဘ)ဦးလှမောင်၁၂/ဥကတ(နိုင်)၀၉၄၈၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၅၇၂၀၅၅၁

**ပျောက်ဆုံးကြောင်း**
အောင်ကျော်ထူး(ဘ)ဦးရွှေမောင် ၁၀/မဒန(နိုင်)၁၈၂၂၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 841021)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၄၆၁၇၆၅

**ပျောက်ဆုံးကြောင်း**
ဇာဇာညိမ်း(ဘ)ဦးမြင့်ဦး ၁၂/ဒပန(နိုင်)၀၅၃၇၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 307299)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၆၀၀၅၀၈၂

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ မြန်မာစာ(အထူးပြု)၂၀၂၄ ၄မ-၂၂(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မောင်ချစ်ဆာ၏ဖခင် ဦးလော်ဒါးနှင့်ဦးလောဒါးမှာတစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးလော်ဒါး(ခ)ဦးလောဒါး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်သင်တန်း၊ မြန်မာစာ(အထူးပြု)၂၀၂၄ ၄မ-၄၁(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော မောင်အားချဲနှင့် မောင်အားချဲ့ ၁၃/တခလ(နိုင်)၀၉၆၉၈၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မောင်အားချဲ(ခ)မောင်အားချဲ့**

**ပျောက်ဆုံးကြောင်း**
မြင့်မြင့်လှိုင်(ဘ)ဦးစံအောင် ၁၂/ကမရ(နိုင်)၀၄၂၃၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၆၃၈၃၇၂

**ပျောက်ဆုံးကြောင်း**
အေးအေးခိုင်(ဘ)အမ်တရို့စ်အန်ထော်နီ ၁၂/ဗဟန(နိုင်)၀၀၃၉၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 192636)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နှင်းယုဆွေ(ဘ)ဦးမောင်ထူး ၁၄/ဝခမ(နိုင်)၁၇၅၅၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 777751)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ပျော်ဘွယ်မြို့နယ်၊ အုန်းပင်သာကျေးရွာနေ မကေသီခိုင်၏ဖခင် ဦးပေါ(ခ)ဦးပေါကြီး ၉/ပဘန(နိုင်)၀၇၇၇၈၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးပေါ(ခ)ဦးပေါကြီး**

## ပျောက်ဆုံးကြောင်း
မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်နေ ဒေါ်နူးတွယ်(ဘ)ဦးဂွန်ထန်တူး ၁/ကမန(နိုင်)၀၅၁၂၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 124728) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၉၁၀၂၀၃၆

## ပျောက်ဆုံးကြောင်း
သနပ်ပင်မြို့၊ ကလိုင်ကျေးရွာနေ မအေးအေးမြင့်(ဘ)ဦးကလပယာ ၇/သနပ(ပြု)၀၀၂၄၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၇၃၁၈၅၀

**ပျောက်ဆုံးကြောင်း**
ညိမ်းညိမ်းဇော်(ဘ)ဦးမြင့်ဇော် ၁၂/ဒဂရ(နိုင်)၀၂၆၆၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 607568)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နွေးဝါဝါထွန်း(ဘ)ဦးမြင့်ဇော် ၁၂/ဒဂရ(နိုင်)၀၂၀၉၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 603470)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဇော်မင်း(ဘ)ဦးဘစိန် ၉/ကပတ(နိုင်)၂၂၄၁၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 351898)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
စောဆာကဲဘလု(ဘ)စောဘာဘလုစေး၁၄/ပေတ(နိုင်)၂၂၇၄၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 121133)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၇၇၈၃၀၂၇

**ဖခင်အမည်မှန်**
ပဲခူးမြို့၊ အ.ထ.က(၄)ကျောင်း၊ ကောဒသမတန်းမှ မောင်ဝေဖြိုးသူ၏ဖခင် အမည်မှန်မှာ ဦးကျော်ထင်လင်း ၇/ဝမန(နိုင်)၀၈၀၁၂၆ ဖြစ်ပါကြောင်း။
**ဦးကျော်ထင်လင်း**

**အမည်ပြောင်း**
ပဲခူးမြို့၊ ရွှေဟင်္သာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 မှ (ဘ)ဦးစောအောင်မျိုးဦး၏သား စောအန်ဒရူးအား စောအန်ဒြူးဟု ပြောင်းလဲခေါ်ဆိုပါရန်။
**စောအန်ဒြူး**

❖ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့် မူဝါဒ အတိုင်း စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများကို အမြဲမပြတ်လေ့လာနေရမည်၊ သင်ယူထားရှိပြီးဖြစ်သည့် စစ်မှုရေးရာ နည်းနာများနှင့် အတတ်ပညာများကိုပိုမိုကျွမ်းကျင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများကို အမြဲလိုက်နာ ကျင့်သုံးနေရမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင်ပြုလုပ်သော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မိတ္ထီလာတပ်နယ်နှင့်မန္တလေးတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မိတ္ထီလာတပ်နယ်နှင့် မန္တလေးတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## အကြမ်းဖက်မှုဖြစ်စဉ်များအပေါ် ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်တို့၏ ပေါင်းစည်းအား၊ ညီညွတ်သောစိတ်ဓာတ်တို့ဖြင့် ကာကွယ်သွားရမည်ဖြစ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိတ္ထီလာတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

နေပြည်တော် ဇန်နဝါရီ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မိတ္ထီလာတပ်နယ်နှင့် မန္တလေးတပ်နယ်တို့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ဌာနချုပ်ခန်းမများ၌ သီးခြားစီတွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးမိတ္ထီလာတပ်နယ်နှင့် **စာမျက်နှာ ၅ ကော်လံ ၁ ➲**

